

လင်းယုန်မောင်မောင်

# အချစ်နှောင်ထုံး စစ်တောင်ကုန်း

# THE ANGRY HILLS

LEON URIS

# လူကြုံပါးလိုက်သည့် စာအိတ်တစ်အိတ်

လွန်ခဲ့သည့် ငါးရက်ခန့်ကဆိုလျှင် "ကီဖစ်ရှားဟိုတယ်"တွင် လူမရှိသလောက်ခြောက်သွေ့နေခဲ့၏။ ယခုသော်မူ ဟိုတယ်တစ်ခုလုံးမှာ ဗြိတိသျှစစ်သားများ ဖြင့် ပြည့်ကျပ်နေလေသည် ။

ဟိုတယ် ဧည့်ခန်းဆောင်ထဲတွင် ကာကီယူနီဖောင်းဝတ် စစ်သားများ ၏ အသံများ သောသောညံလျက်ရှိသည် ။ ဗြိတိသျှတပ်မတော်သည် အပြည်ပြည်ဆိုင်ရာ အင်ပိုင်ယာတပ်မတော် ကြီး ဖြစ်သည့်အလျောက် ဧည့်ခန်းဆောင်ထဲတွင် ဘာသာစကားမျိုးစုံ ကြားနေရသည် ။

သူတို့ အားလုံး၏ ယူနီဖောင်းဝတ်စုံများမှာ ကာကီရောင် တစ်သွေးတစ်ရောင်တည်းပင် ဖြစ်သော်လည်း သူတို့ ၏ ပခုံးများ ပေါ်မှ "ပခုံးဒေါက်"အမှတ်တံဆိပ်များကို ကြည့်ခြင်းအားဖြင့် ဩစတြေးလျစစ်သား၊ ဗြိတိသျှစစ်သား၊ နယူးဇီလန်စစ်သား၊ နောက်ပြီးတော့ အာရပ်စစ်သား၊ ဆိုက်ပရပ်စစ်သား၊ ပါလက်စတိုင်းစစ်သား စသည် ဖြင့် ကွဲကွဲပြားပြား ခွဲခွဲခြားခြား သိနိုင်ကြသည် ။

ဧည့်ခန်းဆောင်အတွင်း လက်ယာဘက်နံရံကို ကပ်လျက်သား ရှိနေသော "အရက်ဘား"ဆီမှ ဖန်ခွက်ချင်း ထိသံများ နှင့်အတူ ငွေသိမ်းသည့်နေရာမှ အံဆွဲဖွင့်သံ၊ ပိတ်သံများကိုလည်း ဆူဆူညံညံ ဖြင့်

မှန်မှန်ကြီး ကြားနေရသည် ။

အခန်းထောင့်တစ်နေရာ ပြတင်းပေါက်အနီးတွင် မူ အရပ်ဝတ် အရပ်စားနှင့် လူတစ်ယောက် ကြိမ်ကုလားထိုင်ကြီးပေါ်တွင် ခြေပစ်လက်ပစ် ထိုင်နေသည် ။

သူ့ကိုကြည့်ရသည် မှာ လောကကြီးတစ်ခုလုံးကို မေ့လျော့နေသည့် ပုံသဏ္ဍာန်မျိုး၊ ပတ်ဝန်း ကျင်တစ်ခုလုံးကို လျစ်လျူရှုထားသည့် အမူအရာမျိုး၊ သူ့ခြေထောက်နှစ်ချောင်းကို ပြတင်းပေါက် ပေါင်ပေါ်သို့ ပစ်တင်ထားသည် ။

သူ့ခေါင်းပေါ်မှ ဦးထုပ်ကလည်း မျက်နှာပေါ်သို့ တစ်ဝက်ဖုံးနေပြီး မျက်လုံးများကို ကွယ်နေ သည် ။ မီးမညှိရသေးသော ဆေးတံတစ်ချောင်းကလည်း သူ့ပါးစပ်ထဲမှ တွဲလောင်းကျနေလိုက် သေးသည် ။

သူ ဝတ်ထားသည့် အင်္ကျီ၊ ဘောင်းဘီကတော့ သက္ကလတ်အကောင်းစား၊ သည် နိုင်ငံ သည် နေရာမျိုးတွင် ရှားရှားပါးပါး။

ဒါပေမဲ့ သူ့လည်ပင်းက သိုးမွေးလည်စည်းမှာ မသေမသပ် လျော့ရိလျော့ရဲဖြင့် ဆွဲဖြေထား သလို ဖြစ်နေသည် ။ သူ့ကိုကြည့်ရသည် မှာ အိပ်ပျော်နေသလား၊ နိုးနေသလား၊ သတိမေ့နေသလား၊ သတိရနေသလား၊ ဘာမှ မကွဲပြား၊ နွမ်းလျပျော့ခွေနေသည့် အနေအထားမျိုး။

ဒါပေမဲ့ တစ်စုံတစ်ယောက်သည် စာပေလောကတွင် အထိုက်အလျောက် ကျင်လည် ကျက်စားခဲ့ဖူး၍ ခေတ်ပေါ်အပျော်ဖတ် လုံးချင်းဝတ္ထုများကို အတော်အတန် ဖတ်ဖူးသူဖြစ်ပါက သည် ဟိုတယ်၊

သည် အခန်း၊ သည် ကုလားထိုင်ပေါ်တွင် "ဖြေလျော့ခွေ"ဖြစ်နေသော သည် လူကို ရုတ်တရက် ချက်ချင်း မှတ်မိမည် ဖြစ်သည် ။

အဘယ်ကြောင့် ဆိုသော် သူသည် ယနေ့စာပေနယ်တွင် ထုတ်ဝေသူများ ဝိုင်းဝိုင်းလည်၍ "ဆူလွယ် နပ်လွယ်" ဝတ္ထုများ ရေးသားရာတွင် နာမည်ကြီးနေသော အမေရိကန်စာရေးဆရာ မိုက်ကယ်မောရစ်ဆင် ဖြစ်နေသောကြောင့်တည်း။

သူသည် "အမာခံ" စာဖတ်ပရိသတ်ရှိနေပြီး စာအုပ်သစ်တစ်အုပ် ထွက်တိုင်း၊ ထွက်တိုင်း နာမည်ကြီး၍ ကြီး၍ လာသည့် စာရေးဆရာတစ်ယောက် ဖြစ်၏။

ယခုအထိ စာအုပ်လေးအုပ်သာ ရေးခဲ့သေးသော်လည်း သူ့ဝတ္ထုများကို လုံးချင်းစာအုပ်အပြင် လစဉ်ထုတ် မဂ္ဂဇင်းကြီးများကပါ ထပ်ဆင့်ဖော်ပြခြင်းခံရသဖြင့် တစ်နှစ်အတွင်း စာမူခစုစုပေါင်း ဒေါ်လာသောင်း ငါးထောင်ကို လွယ်လွယ်အေးအေးဖြင့် အသာကလေးရခဲ့သူ ဖြစ်၏။

"ဘားကောင်တာ" ဘက်ဆီမှ ရေချိန်ကိုက်နေဟန်တူသော စစ်သားအချို့၏ သံပြိုင်သီချင်း သံများကြောင့် ကြိမ်ကုလားထိုင်ကြီးပေါ်တွင် ပျော့ခွေနေသည့် စာရေးဆရာ မောရစ်ဆင်သည် သတိပြန်လည်လာသည့်ပမာ လူးလွန့်လာခဲ့သည် ။

သူသည် တစ်ချက်သမ်း၍ အညောင်းဆန့်လိုက်သည် ။ ပြီးနောက် မျက်နှာတစ်ဝက်ဖုံးနေသည့် သက္ကလတ်ဦးထုပ်ကို ခေါင်းပေါ်သို့ မော့တင်လိုက်ပြီး လက်ပတ်နာရီကို ကြည့်လိုက်သည် ။ ချိန်းထား သည့် အချိန်မရောက်သေး၊ အနည်းငယ်စောနေသေးသည် ။

သူသည် ပြတင်းပေါက်ပေါင်ပေါ်တွင် တင်ထားသော

ခြေထောက်များကို ပြန်ရုပ်ကာ ထိုင်ရာ မှ ထလိုက်သည် ။ ခါးကို တစ်ချက်ဆန့်လိုက်ပြန်သည် ။ ပြီးမှ ဆေးတံကို မီးညှိခြင်းအမှု ပြုနေပြန် သည် ။

သည် အချိန်အထိ သူသည် ဧည့်ခန်းဆောင်အတွင်း တရုန်းရုန်း ဖြစ်နေကြသော စစ်သားများ ကို လုံးဝလှည့်မကြည့်ဘဲ“ဖုတ်လေသည့် ငါးပိ” လို သဘောထားလျက်ရှိသည် ။

အသက် သုံးဆယ့်ငါးနှစ် ရှိနေပြီဖြစ်သည့်တိုင်အောင် သူ့ရုပ်၊ သူ့ ခ န္ဓ ာ မှာ ငယ်ရွယ်စဉ်က ကျန်းမာရေးလိုက်စားခဲ့ကြောင်း ပေါ်လွင်ထင်ရှားနေဆဲပင် ဖြစ်သည် ။ ခြောက်ပေမျှရှိသော သူ့အရပ် အမောင်းသည် ပေါင်နှစ်ရာခန့်ရှိမည့် သူ့ကိုယ်ခန္ဓာကို အလွယ်တကူ ထိန်းထားနိုင်သည် ။ သူ့မျက်နှာ မှာ လည်း အတော်ကလေး နုပျို လန်းဆန်းနေဆဲပင် ဖြစ်သည် ။

သို့သော် သည် မျက်နှာပေါ်တွင် အခက်အခဲကြားမှ ဘဝတိုက်ပွဲကို ရုန်းကန်တိုက်ခိုက်လာခဲ့ရ သည့် အမှတ်လက္ခဏာများ အထင်အရှား တွေ့နေရသည် ။ ဘာပဲဖြစ်ဖြစ်၊ မောရစ်ဆင်သည် အများ ပြည်သူတို့ မျက်စိအောက်တွင် တကယ့်စာရေးဆရာ ဂိုက်မျိုး၊ တကယ့်စာရေးဆရာရုပ်မျိုး အပြည့် ရှိသူ ဖြစ်သည် ။

သူသည် ဟိုတယ်ဧည့်ခန်းဆောင်ထဲတွင် ပြည့်ကျပ်နေသော စစ်သားများ အကြားမှ ရှောင်ရင်း တိမ်းရင်း အပြင်စကြ်ံဘက်သို့ ထွက်လာခဲ့ပြီး ဝရန်တာအုတ်ခုံဘေးတွင် အတော်ကြာရပ်ကာ တက္ကစီ ကားတစ်စီး တွေ့လိုတွေ့ငြား ဟိုဟိုသည် သည် လှမ်းမျှော်ကြည့်နေခဲ့သည် ။

နောက်မှ တစ်မျိုးပြင်၍ ဆုံးဖြတ်လိုက်ပြီး ခပ်လှမ်းလှမ်းမှ

တက္ကစီကားများ ပိုပေါသည့် လမ်းမဘက်ဆီသို့ လမ်းလျှောက်၍ ထွက်လာခဲ့သည် ။ ထွက်မလာမီကလေးတွင် သည် လိုချောင်ကျ၍ အသွားအလာခက်သည့် ဆင်ခြေဖုံးရပ်ကွက် ဟိုတယ်မျိုးတွင် မှ လာ၍ တည်းခိုရအောင် ဖြစ်လာ သည့် သူ့အခြေအနေနှင့် သူ့ဘဝကို ဒေါ်အပွကြီး ပွလိုက်မိသည် ။

တကယ်ကတော့ သည် လိုဖြစ်ရသည် မှာ သူ့အပြစ်မဟုတ်၊ မြို့ထဲမှ ဟိုတယ်အားလုံး ယခုရက် ပိုင်းအတွင်း လိုမ့်ဝင်လာကြသော ဗြိတိသျှတပ်များက တစ်ခုမကျန် လက်ဝါးကြီးအုပ်ထားခဲ့ပြီဖြစ်ရာ သည် ကီဖစ်ရှားဟိုတယ်ကလွဲလို့ တခြားတည်းစရာ ဟိုတယ်ရှိသေးလို့ လား။

သူသည် တက္ကစီကား ရနိုင်မည့်နေရာသို့ လမ်းလျှောက်လာရင်း သူ့ မျက်လုံးများ မှာ ခပ်စောစောကထက်ပို၍ စိတ်မချမ်းသာသည့် အရိပ်အယောင်များ ဖြင့် မှုန်ဝါးဝါး ဖြစ်လာသည် ။

ဂရိနိုင်ငံသို့ ရောက်လာရသည် မှာ သူ့အတွက် အတိတ်မှ နာကြည်းဖွယ်ရာ အဖြစ်ဆိုးများကို ပြန်လည်နှိုးဆွပေးသလို ဖြစ်ခဲ့ရသည် ။ မီးခဲပြာဖုံးဖြစ်နေသော ခါးသီးလှသည့် အတိတ်ဟောင်းကို ပြန်ပြောင်း၍ လေပင့်တိုက်သလို ဖြစ်နေသည် ။

သည် ဂရိနိုင်ငံကို သူနှင့် သူ့ဇနီး အယ်လီတို့ အပျော်ခရီးထွက်ဖို့ ဆွေးနွေးတိုင်ပင် စီစဉ်ခဲ့ကြ တာ ဘယ်နှကြိမ်များ တောင် ရှိခဲ့ပါပြီလဲ။

သည် ခရီးအတွက် ဇနီးမောင်နှံ တိုင်ပင်နှီးနှော တစ်ပြောတည်း ပြောလာခဲ့သည် မှာ နှစ်နှင့်ချီ ၍ ကြာခဲ့ပြီ ဖြစ်သည် ။ ပထမဆုံး "ပျားရည်ဆမ်း ဟန်းနီးမွန်း"ထွက်ဖို့ စတင် စီစဉ်ခဲ့ကြသည် ။ ဒါပေမဲ့ မထွက်ဖြစ်ခဲ့။

သည် နောက် အယ်လီ၏ ဦးလေး ဂရိနိုင်ငံမှ ဂရိလူမျိုး သွင်းကုန်လုပ်ငန်းလုပ်နေသူ သေဆုံး သွားခဲ့ရာ အယ်လီ့အတွက် ဒေါ်လာကိုးထောင် အမွေပေးထားခဲ့သည် ။

သည် အမွေကို သွားယူကြဖို့ စီစဉ်ပြန်တော့လည်း တခြား အရေးတကြီး ကိစ္စဝိစ္စတွေက တစ်ခုပြီးတစ်ခု ပေါ်လာသဖြင့် တစ်နှစ်ပြီး တစ်နှစ်သာ ရွှေ့ခဲ့ရသည် ။ မသွားဖြစ်။

သည် လိုနှင့် နောက်ဆုံး အယ်လီအတွက် သူမ၏ ဦးလေးက ထားရစ်ခဲ့သောအမွေကို ဂရိ နိုင်ငံမှ ယုံကြည်စိတ်ချရသော ဘဏ်တိုက်တစ်ခုသို့ လွှဲပြောင်းပေးရန် လိုအပ်သော စာရွက်စာတမ်း များကို မောရစ်ဆင်ကိုယ်တိုင် အယ်လီအား လက်မှတ်ရေးထိုးခိုင်းပြီး ဂရိနိုင်ငံသို့ ပေးပို့ခဲ့သည် ။

သည့် နောက် သူတို့ ဇနီးမောင်နှံ ဂရိနိုင်ငံသို့ သေချာပေါက်သွားရန် အားလုံး အစစ စီစဉ်ပြီး ခါမှ မမျှော်လင့်ဘဲ တစ်နေ့တွင် "ဂိုးလ်ဒင်းဂိတ်" တံတားကြီးပေါ်၌ မြူနှင်းများ ထူထပ်စွာကျနေ ခိုက် မော်တော်ကားတိုက်မှု ဖြစ်ပွားခဲ့သည် ။ သည် ကားတိုက်မှု ဖြစ်ပွားရာတွင် မမျှော်လင့်ဘဲ အယ်လီတစ်ယောက် သေဆုံးခဲ့ရသည် ။

မောရစ်ဆင်မှာ တစ်နှစ်လောက် အလူးအလဲ ခံလိုက်ရသည် ။ ကားတိုက်မှုအတွက် သူ့ကိုယ် သူ အပြစ်တင်၍ မဆုံးအောင် ဖြစ်ခဲ့မိသည် ။

လောကကြီးတစ်ခုလုံး မျှော်လင့်ချက် ဆိတ်သုဉ်းသွားသလို ခံစားခဲ့ရသည် ။ အချစ်ဆုံးဇနီး နှင့် မမျှော်လင့်ဘဲ ဖြုန်းခနဲ သေကွဲ ကွဲခဲ့ရသဖြင့် ယူကျုံးမရ တသသ ဖြစ်ခဲ့ရသည် ။ သည် စိတ်တွေ ကြောင့် တစ်နှစ်ကျော်မျှ အိပ်မပျော်သောညများကို ကုန်ဆုံး

လွန်မြောက်ခဲ့ရသည်။

သည့်နောက်ပိုင်းတွင် ပျက်ပြားနေသော သူ့စိတ်ဓာတ်နှင့် ကြေကွဲနေသော သူ့နှလုံးသားကို အရက်ဖြင့် ကုစားခဲ့သည်။

တစ်နှစ်ကျော်မျှ မောရစ်ဆင်မှာ အရူးကြီးပမာ အလူးအလဲ ဖြစ်ခဲ့ရပြီးနောက် မိဘနှစ်ပါးနှင့် ရင်းနှီးသော မိတ်ဆွေများ ၏ ဖျောင်းဖျမှု၊ ကူညီမှုများ အထူးသဖြင့် မိတဆိုးလေးများ ဖြစ်၍ ကျန်ရစ်ခဲ့ကြရှာသော သူ့သားနှင့် သမီးငယ်များ အပေါ် တွယ်တာငဲ့ညှာမှုများကြောင့် သူ့ကိုယ်သူ တစ်စတစ်စ ပြန်၍ ထိန်းသိမ်းကာ လူကောင်းသူကောင်း ပြန်ဖြစ်လာခဲ့သည်။

တကယ်တော့ အယ်လီအတွက် ထားရစ်ခဲ့သောအမွေဖြစ်သည့် ဒေါ်လာကိုးထောင်ကို ရုတ်တရက် လာမယူသေးဘဲ နှစ်ပေါင်း အတော်ကြာအောင်ပင် ဂရိနိုင်ငံ၌ သည် အတိုင်း ထားလိုက်ဖို့ ကောင်းသည်။

အယ်လီမပါဘဲ မိမိတစ်ယောက်တည်း ဂရိနိုင်ငံသို့လာလျှင် အနာဟောင်းကို ပြန်ဆွသလို ဖြစ်မှာ သေချာသည် ။ ဒါပေမဲ့ မလာမဖြစ်အောင်၊ မလာဘဲ မနေနိုင်အောင် ဖန်တီးလာသည် ကတော့ ဒုတိယကမ္ဘာစစ်ကြီးပင် ဖြစ်သည်။

တစ်နေ့တခြား အရှိန်အဟုန်ကြီးမားလာသော စစ်ကြီး၏ မီးတောက်မီးလျှံများ သည် ၁၉၄၁ ခု၊ ဧပြီလတွင် ဂရိနိုင်ငံကလေးအား ပတ်ပတ်လည် ဝိုင်းလာခဲ့သည်။

မြောက်ပိုင်းမှ နာဇီကျူးကျော်ရေးတပ်များ သည် တောင်ပိုင်းသို့ ရေကာတာ ကျိုးပေါက်သည့် ပမာ လိမ့်ဆင်းလာနေကြပြီဖြစ်သည်။

သည် အချိန်မှာ ပင် အယ်လီအတွက် ဒေါ်လာကိုးထောင်ကို ထိန်းသိမ်းထားသော ဂရိနိုင်ငံမှ ဘဏ်တိုက်က ဥရောပတိုက်၏ တစ်နေ့တခြား ဆိုးရွားလာနေသော အခြေအနေများကြောင့် သည် ငွေများကို ဖြစ်သည့်နည်းဖြင့် အမြန်ဆုံး လာရောက်ထုတ်ယူပါရန် အမေရိကတိုက်ရှိ မောရစ်ဆင်ထံ အကြောင်းကြားခဲ့သည် ။

သည် လိုနှင့် မောရစ်ဆင်သည် အေသင်မြို့တော်သို့ အပြေးအလွှား ရောက်လာခဲ့ရခြင်းဖြစ် သည် ။

သူ့စိတ်ကူးနှင့် သူ့အစီအစဉ်မှာ ဘဏ်မှ ငွေထုတ်ပြီးလျှင် ပြီးချင်း ဆန်ဖရန်စစ္စကိုသို့ အမြန် ဆုံးပြန်ရန် ဖြစ်သည် ။ သတို့ သမီးမပါဘဲ လာခဲ့ရသော ခရီးသည် ဘယ်လိုလုပ်ပြီး ပျော်စရာ ဟန်းနီး မွန်းခရီး ဖြစ်ပါတော့မည်နည်း။

'ပက်ထရာကီလမ်း၊ နံပါတ် ၁၇ ကို မောင်းဗျာ'

အဆင်သင့် တွေ့လိုက်ရသော ပထမဆုံး တက္ကစီကားပေါ်သို့ လေးကန်စွာ တက်လိုက်ပြီး ကားမောင်းသူအား မောရစ်ဆင်က အမိန့်ပေးလိုက်သည် ။ တက္ကစီကားကလေးသည် အေသင်မြို့ထဲ ဘက်သို့ အရှိန်ဖြင့် ထွက်လာခဲ့သည် ။

ထူးထူးခြားခြား သည် အချိန်တွင် အေသင်မြို့သူမြို့သားအားလုံး လိုလို အမေရိကန်နိုင်ငံ၌ အနည်းဆုံး ဆွေမျိုးတစ်ယောက်တော့ ရှိနေကြသည် ။

သည် အထဲတွင် ယခု ကားမောင်းသူလည်း အပါအဝင် ဖြစ်သည် ။

ဒါကြောင့် မောရစ်ဆင်နှင့် ကားမောင်းသူသည် ကားပေါ်တွင် အပျင်းပြေ စကားပြောဖို့ အကြောင်းအရာ ရလာခဲ့ကြသည် ။

ကားဆရာ၏ အစ်ကိုတစ်ယောက် အမေရိကန်နိုင်ငံ၊ ကလိဖ်လင်းမြို့တွင် ရှိနေသည် ။ မောရစ်ဆင်သည် အဆိုပါ ကလိဖ်လင်းမြို့သို့ မရောက်ဖူးသေး။

ဒါပေမဲ့ ဂရိနိုင်ငံမှ အပြန် အကယ်၍ ကလိဖ်လင်းမြို့သို့ ရောက်ခဲ့ပါက ထိုသူကို မုချ ဆက်ဆက် သွားတွေ့ပါမည်ဟူ၍ စာရေးဆရာက ကားဆရာအား ကတိပေးလိုက်သည် ။

သည့်နောက် သူတို့ နှစ်ယောက်သည် ခေါင်းစဉ်ပြောင်း၍ စကားကောင်းလာခဲ့ကြသည် ။

သည် တစ်ခါ သူတို့ နှစ်ယောက် စကားစပ်မိကြသည် မှာ လောလောဆယ် ဂရိနိုင်ငံ၏ အခြေအနေ၊ အေသင်မြို့ကြီးအကြောင်း၊ နောက်ဆုံးကြားသိရသည့် စစ်သတင်းများ ။

လောလောဆယ်တော့ ဂရိနိုင်ငံနှင့် အေသင်မြို့ကြီး၏ ကံကြမ္မာမှာ နောက်ထပ် အသစ်ရောက် လာကြသည့် ဗြိတိသျှတပ်များ အပေါ် လုံးဝတည်နေသည် ။

မြောက်ပိုင်းပြည်နယ်များ အတွင်းသို့ ချင်းနင်း ဝင်ရောက်စပြုနေပြီဖြစ်သော ဂျာမန် ကျူးကျော်ရေးတပ်များကို ဗြိတိသျှတပ်များက ကြံ့ကြံ့ခံ၍ တွန်းလှန်နိုင်မလား၊ မတွန်းလှန်နိုင်ဘူး လား။

လွန်ခဲ့သည့် ဆောင်းရာသီအတွင်းက ဂရိတပ်များ သည် အင်အားကြီးကြီးမားမား မရှိသော် လည်း အီတလီတပ်များကို အောင်မြင်စွာ ခုခံတွန်းလှန်ပစ်ခဲ့ကြသည် ။

သည် အဖြစ်အပျက်ကို ထောက်၍ ဂရိတပ်များက

အီတလီတပ်များကို တွန်းလှန်နိုင်ခဲ့ပါက ဂျာမန်တပ်များကိုလည်း ဗြိတိသျှတပ်များက မုချ မောင်းထုတ်နိုင်လိမ့်မည်ဟူ၍ ကားဆရာက တထစ်ချ ယုံကြည်သည် ။

ဒါ့အပြင် မကြာခင် သည် စစ်ကြီးထဲသို့ အမေရိကန်တို့ ပါဝင်လာတော့မည်ဖြစ်၍ မဟာမိတ် များ ဘက်မှ အလားအလာကောင်းနေကြောင်း သူက အတပ်ဟောလိုက်သေးသည် ။

ဒါပေမဲ့ စာရေးဆရာ မောရစ်ဆင်ကတော့ ကားဆရာပြောသမျှအားလုံး လက်မခံနိုင်။ အထူး သဖြင့် အမေရိကန်တို့ စစ်ထဲ ဝင်ရေး၊ မဝင်ရေး ပြဿနာ။

သည် ပြဿနာမှာ ပထမဆုံးစဉ်းစားစရာက အတ္တလန္တိတ်သမုဒ္ဒရာ။ အပြောကျယ်လှသော သည် သမုဒ္ဒရာကြီးကို ဖြတ်ကျော်၍ အမေရိကန်တို့ သည် ဥရောပစစ်ပွဲတွင် ပါဝင်နိုင်ပါမည်လော။

နောက်တစ်ချက်က ယခု ၁၉၄၁ ခုနှစ်၊ နွေပေါက်လာသည့်အချိန်အထိ အမေရိကန် အတော်များများက သည် စစ်ကြီးထဲ သူတို့ ပါစရာအကြောင်း မရှိသေးဟု ယူဆနေကြဆဲဖြစ်သည် ။

မောရစ်ဆင်သည် ဟစ်တလာကို မလိုလားပါ။ ဒါကတော့ အမှန်ပါ။

ဒါပေမဲ့ သည် ကိစ္စမှာ အမေရိကန်တွေအနေဖြင့် ဘာမှ ပါဝင်စွက်ဖက်စရာ မလို။ သည် ကိစ္စက ဥရောပတိုက်သားများ အတွင်း ရာစုနှစ်ပေါင်းများ စွာ အမြစ်တွယ်၍ ဖြေရှင်းလာခဲ့ကြရသည့် ပြဿနာဖြစ်သည် ဟု သူ တထစ်ချ ယူဆထားသည် ။

နောက်ပြီးတော့ ဂျာမန်တပ်တွေကို ဗြိတိသျှတပ်တွေက

ခုခံတွန်းလှန်နိုင်ပါ့မလား ဆိုတာကို လည်း သူ သံသယဖြစ်မိသည် ။ လောလောဆယ် ဂျာမန်တို့ ၏ “ဘလစ်ဇ်ကရိဂ်” ခေါ် “လျှပ်တစ်ပြက်စစ်ဆင်ရေး”သည် အခုအခံ အတားအဆီးမှန်သမျှကို စိစိညက်ညက်ကြေအောင် ချေမှုန်းနိုင် သည့် စစ်ဗျူဟာတစ်ခု ဖြစ်သည် ။

ဒါ့အပြင် ယခု ဝင်ရောက်လာကြသည့် ဗြိတိသျှတပ်များ နှင့် ပတ်သက်၍ ‘ဂျာမန်တွေကို ခုခံဖို့ လာကြတာမဟုတ်ပါဘူး၊ သူတို့ ဟာသူတို့ ခရီးသွားဟန်လွှဲ ဝင်လာကြတာပါ’ ဟူ၍ ခပ်ထေ့ထေ့ ခပ်လှောင်လှောင် မသိမသာ နောက်ပြောင်နေကြသည် ကိုလည်း နေရာတကာ ကြားနေကြရသည် ။ကားဆရာသည် စကားကောင်းလာခဲ့ရာမှ နိုင်ငံရေးနှင့် စစ်ရေးဆွေးနွေးပွဲကို ခေတ္တရပ်နား ကာ အာရုံပြောင်း၍ သူ့ကားကို ဂရုစိုက် မောင်းခဲ့ရသည် ။

ကီဖစ်ရှားလမ်းနှင့် အဲလက်ဇင်းဒရားလမ်းမကြီးတစ်ဝိုက်မှာ လူရော ကားပါ အသွားအလာ များ သောကြောင့် ဖြစ်သည် ။

သူသည် ဥဒဟို ဖြတ်သန်းသွားလာနေကြသည့် ကားများ နှင့် လူများကိုရှောင်ရင်း၊ တိမ်းရင်း စောစောက ဂျာမန်တွေအပေါ် ဒေါပွခဲ့ရာမှ ယခု သည် လူတွေ၊ သည် ကားတွေကို ဒေါပွရပြန်သည် ။ ခဏအကြာတွင် မောရစ်ဆင် စီးလာသော တက္ကစီကားသည် ပက်ထရာကီလမ်း၊ အမှတ် ၁၇ အဆောက်အအုံရှေ့တွင် ထိုးရပ်လိုက်သည် ။ အဆောက်အအုံမှာ အတော်ကလေးကြီးမား၍ အဝါရောင်အုတ်များ ဖြင့် ဆောက်လုပ်ထားသည် ကို တွေ့ရသည် ။

မောရစ်ဆင်သည် ကျသင့်သည့်ကားခကို ရှင်းပေးပြီး ကျေးဇူးတင်စကားပြောကာ ကားပေါ် မှ ဆင်းလိုက်သည် ။ ပြီးနောက်

အဆောက်အအုံ၏ တံခါးမကြီးဆီသို့ အုတ်လှေကားအတိုင်း တက်လာခဲ့သည် ။

အိမ်ရှေ့တံခါးမကြီးတွင် ကြေးဖြင့် ပြုလုပ်တပ်ဆင်ထားသော လက်ကိုင်ကို ခေါက်လိုက်ရာမှ မိုးချုန်းသလို "ဒုံး ဒုံး" ဟူသော တံခါးခေါက်သံကြီးသည် မစ္စတာ စတားဂူး၏ ရှေးဟောင်းအိမ်ကြီး အတွင်း ကျယ်လောင်စွာ မြည်ဟည်း ထွက်ပေါ်လာသည် ။

ခဏအကြာတွင် ဤအိမ်ကြီးနှင့် ထပ်တူထပ်မျှ အိုမင်းလှသော အိမ်စေအဘိုးကြီး တာဆော့ သည် တံခါးမကြီးကို ဖြည်းညင်းစွာ ဖွင့်ပေးလိုက်သည် ။

မောရစ်ဆင်သည် အိမ်စေအဘိုးကြီး ခေါ်ဆောင်ရာသို့ လိုက်ပါသွားခဲ့ရပြီး သူညွှန်ကြားပြရာ အခန်းကျယ်ကြီး တစ်ခုအတွင်းသို့ ဝင်လာခဲ့သည် ။

ဤအခန်းသည် အိမ်ရှင်ဖြစ်သူ ရှေ့နေကြီး မစ္စတာ စတားဂူး၏ ရုံးခန်းပင် ဖြစ်သည် ။

အိမ်ရှင် ရှေ့နေကြီးသည် ဖိုင်တွဲများ ၊ စာရွက်စာတမ်းများ ဖြင့် ရှုပ်ပွနေသော စားပွဲပေါ်မှ ကျော်၍ စာရေးဆရာ မောရစ်ဆင်အား လှမ်းကြည့်လိုက်သည် ။ ချက်ချင်းပင် မှတ်မိသည့် လက္ခဏာ ဖြင့် သူ့မျက်နှာပေါ်တွင် ပြုံးရောင်သန်းသွားသည် ။

ရှေ့နေကြီး စတားဂူးသည် ထူးဆန်းသော ဘဲအိုကြီးနှင့် တူလှသည် ။ ပြောင်နေသော နဖူး အထက်နားဆီမှ မီးခိုးရောင် ဆံပင်ဖုတ်သိုက်ကလေးသည် ဦးစွန်းဖုတ်ကလေး ထောင်နေသလို ဖြစ်နေသည် ။

သူ့ပခုံးနှစ်ဖက်ပေါ်တွင် လည်း ဧရာမ လည်စည်းတဘက်ကြီးကို ခြုံထားလိုက်သေးသည် ။ ပြီး အများ သူငါလို မဟုတ်ဘဲ လေးထောင့်စပ်စပ် တပ်ထားသော မျက်မှန်ကလည်း မျက်လုံးတည့်တည့်တွင် မရှိဘဲ နှာခေါင်းပေါ်တွင် တင်ရုံတင်ထားသလို ဖြစ်နေသည် ။

'အား၊ ကျုပ်မိတ်ဆွေ အမေရိကန် စာရေးဆရာကြီးပါလား၊ ခါတိုင်းလို အချိန်မှန် ရောက်လာတာပဲကိုး'

ရှေ့နေကြီး စတားဂူးသည် မောရစ်ဆင်အား လှမ်း၍ နှုတ်ဆက်ရင်း ကုလားထိုင်ရှိရာသို့ ညွှန်ပြလိုက်သည် ။ 'ကျေးဇူးပြုပြီး ကော်ဖီကလေးတော့ တာဆော့ရေ……'

ရှေ့နေကြီးက အိမ်ကြီးရှင် လေသံမျိုးဖြင့် အိမ်စေအဘိုးကြီးအား လှမ်းအော်၍ အမိန့်ပေး လိုက်သည် ။

တစ်ဆက်တည်းတွင် သူသည် ရှုပ်ပွနေသော သူ့စားပွဲမှ စာရွက်စာတမ်းများကို ဟိုဟိုသည် သည် လှန်လှောရှာဖွေပြီး ဖိုင်တွဲတစ်ခုကို စာရွက်ပုံထဲမှ ဆွဲထုတ်လိုက်သည် ။

မောရစ်ဆင်သည် ဖိုင်တွဲကို ဖွင့်ကာ စာရွက်များကို တစ်ရွက်ချင်း လှန်နေကာ ရှေ့နေကြီး၏ အရေတွန့်နေသည့် လက်ချောင်းများကို အမှတ်မထင် ကြည့်နေမိရာမှ သည် တစ်ကြိမ်တွင် လည်း လက်ဝဲဘက် လက်သူကြွယ်တွင် ဝတ်ဆင်ထားသော ထူးခြားလှသည့် ပုလဲနက်လက်စွပ်ကြီးကို မှတ်မှတ်ရရ စိုက်ကြည့်နေမိပြန်သည် ။

'အင်း…အားလုံး ပြည့်စုံပါပြီ။ အစစအရာရာ အဆင်သင့်ပါပဲ'အဘိုးကြီးက ပြောလိုက် သည် ။

အဘိုးကြီး စကားဆုံးလျှင် ဆုံးချင်း မောရစ်ဆင်က

အလောသုံးဆယ် ပြန်မေးလိုက်သည် ။

'ဒါဖြင့် ကျွန်တော် နောက်ထပ် ဘယ်လောက် ကြာကြာနေရဦးမလဲ'

'မောင်တို့ အမေရိကန်တွေဟာ အမြဲတမ်း ပျာယီးပျာယာနိုင်ကြတာချည်းပဲကိုး၊ ဒီလိုဆို မောင်က ကျုပ်တို့ နိုင်ငံကို သဘောမကျဘူးလို့ ထင်စရာ ဖြစ်မနေဘူးလား'

'ဒါကတော့ ဒီလိုရှိပါတယ်၊ ဒီနေ့လို အချိန်အခါမျိုးဟာ အပျင်းပြေ အပျော်ခရီး ထွက်ဖို့ ကောင်းတဲ့ အချိန် မဟုတ်လို့ ပါ။ ပြီးတော့ ကျွန်တော့်မှာ မေလ ၁ ရက်နေ့အရောက် ချိန်းထားတဲ့ ကိစ္စ တစ်ခုလည်း ရှိနေပါသေးတယ်'

'သြော်၊ ဟုတ်သားပဲ၊ မောင်က ရုပ်ရှင်ဇာတ်ညွှန်းတစ်ခု ရေးပေးဖို့ ဟောလိဝုဒ်ကို သွားရဦး မှာ ပဲ၊ ကဲ...အဲဒီတော့ တခြားအရေးကြီးတဲ့ ကိစ္စများ ရှိသေးသလား '

'မရှိပါဘူး၊ အရေးကြီးတာက ငွေထုတ်ဖို့ ပါပဲ'

'ငွေထုတ်ဖို့ ဟုတ်လား၊ ဒီမှာ တစ်ခုခက်နေတာက ဒီနေ့ လူတိုင်း လိုလိုက သူတို့ ငွေတွေကို ဒီတိုင်းပြည်က အမြန်ဆုံး ထုတ်ယူသွားဖို့ ၊ ဈေးမ အလောသုံးဆယ် ဖြစ်နေကြတယ် မောင်ရင်ရဲ့ ၊ ဒါလည်း သူတို့ ကို အပြစ်ဆိုလိုတော့ မဖြစ်ဘူးပေါ့လေ။ ဘဏ်တွေကလည်း နောက်ဆုံး လက်ကျန်ငွေ ကို အမြန်ဆုံးထုတ်ပေးဖို့ ကတိပေးထားကြပြီးပါပြီ။ ဒါထက်နေပါဦး၊ မောင်က ဘယ်တော့ပြန်ဖို့ စီစဉ်ထားလို့ လဲ'

'နက်ဖြန်မနက် လန်ဒန်ကို လေယာဉ်နဲ့ လိုက်ဖို့ စီစဉ်ထားပါတယ်'

ထိုအခိုက် အိမ်စေအဘိုးကြီး တာဆော့သည် အခန်းထဲသို့ တကုပ်ကုပ် ဝင်လာသည် ။

'ကော်ဖီလားဟေ့၊ အေး...ကောင်းတယ်၊ ကောင်းတယ်၊ ဖြစ်နိုင်ရင် ဒီကော်ဖီကို တို့ အပြင် ခန်းထဲမှာ သောက်ရအောင် တာဆော့ရေ'

ရှေ့နေကြီး စတားဂူးနှင့် မောရစ်ဆင်တို့ သည် အပြင်ခန်းတွင် ကော်ဖီသောက်ရင်း နှစ်ယောက်စလုံး ဆေးတံသမားများ ပီပီ သူတို့ ၏ ဆေးတံသောက်ဆေးများကို အလဲအလှယ် လုပ်နေကြ ပြန်သည်။

မောရစ်ဆင်က သူ့ဆေးတံဆေးကို အတော်ကလေး အမွှမ်းတင်၍ ဂုဏ်ယူလျက်ရှိသည် ။ သည် ဆေးမှာ ဆန်ဖရန်စစ္စကိုနယ်မြေ မစ်ရှင်ခရိုင်မှ "ဂရန်းဒီလ်"ကုမ္ပဏီက အထူးဖော်စပ် ထုတ်လုပ်ခဲ့သည့် နာမည်ကျော် ဆေးတံဆေးပင် ဖြစ်သည်။

ဒါပေမဲ့ သူ့ဆေးမှာ အဘိုးကြီးအတွက် အတော်ကလေး"ပေါ့"နေသည်။

အလားတူပင် မောရစ်ဆင်မှာ လည်း အဘိုးကြီးထည့်ပေးသော ဆေးတစ်ဆုံပင် ကုန်အောင် မသောက်နိုင်ဘဲ ပြင်းလွန်းလှသဖြင့် နောက်တစ်ကြိမ် ထည့်ခိုင်းသောအခါ ယဉ်ကျေးစွာဖြင့် ငြင်းပယ်ခဲ့ရသည်။

သည့်နောက် အဘိုးကြီးက သူ့အိမ်၏ ကျက်သရေဆောင်ဖြစ်သော အနုပညာခန်းထဲသို့ မော ရစ်ဆင်အား ခေါ်သွားပြီး သူ အမြတ်တနိုး စုဆောင်းသိမ်းဆည်းထားသည့် ၂ ရာစုနှစ်မှ "ဘိုင်ဇင် တိုင် "ခေတ်၏ အနုပညာရှေးဟောင်းလက်ရာပစ္စည်းများကို လိုက်လံပြသည်။

သည် အနုပညာ လက်ရာများကို ကြည့်ရင်း စကားစပ်မိရာမှ အဘိုးကြီးလက်တွင် ဝတ်ဆင် ထားသည့် ပုလဲနက် လက်စွပ်ကြီးမှာ မိသားစု အမွေအနှစ်ဖြစ်၍ သူ့လက်တွင် ဝတ်ဆင်လာခဲ့သည် ပင် နှစ်ပေါင်း လေးဆယ်ကျော်ခဲ့ပြီ ဖြစ်ကြောင်း သိလိုက်ရသည်။

'မောင်ရင့်ဇနီး ရုတ်တရက် ကွယ်လွန်သွားခဲ့တာဟာ တကယ့်ကို စိတ်ထိခိုက်စရာပါပဲ၊ သူ့ ဦးလေးကလည်း သူ့ကို တော်တော်ကလေး ချစ်ရှာပါတယ်။ သူ မသေခင်က သူ့တူမနဲ့ တွေ့ဖို့ အမေရိကကို သွားချင်တဲ့ အကြောင်း တဖွဖွ ပြောသွားရှာပါသေးတယ်'

'ဟုတ်ကဲ့၊ ဟုတ်...ဟုတ်ကဲ့ ခင်ဗျာ၊ တကယ့်ကို စိတ်မကောင်းစရာပါပဲ'

'အို...ဒါထက် မောင့်ကလေးတွေကော တော်တော်ကြီးကုန်ကြပြီလား'

"ကလေးတွေ"ဟူသော စကားတွေကြောင့် မောရစ်ဆင်၏ မျက်နှာမှာ ပြုံးရောင်သန်းကာ မသိမသာ ဂုဏ်ယူသည့် အမူအရာကလေး တစ်ချက် ကွက်ခနဲ ပေါ်လာသည်။

ချက်ချင်းပင် သူသည် ကုတ်အင်္ကျီ အတွင်းအိတ်ထဲမှ ပိုက်ဆံထည့်သည့် သားရေအိတ် ကလေးကို ဆွဲထုတ်လိုက်သည်။

သည် အိတ်ကလေးထဲမှ သူ့သားနှင့် သမီးငယ်များ ၏ ဓာတ်ပုံများကို ထုတ်ယူ၍ အဘိုးကြီး မျက်စိအောက်သို့ ထိုးပေးလိုက်သည်။

စတားဂူးကလည်း သူ၏ လေးထောင့်မျက်မှန်ကို နေသားတကျဖြစ်အောင် ပြင်လိုက်ပြီး ဓာတ်ပုံများကို အနီးကပ်ကြည့်ရင်း ခေါင်းတဆတ်ဆတ်ဖြင့်

'ကလေးတွေက ချစ်စရာကလေးတွေပဲ၊ အခုဆိုရင် ဆန်ဖရန်စစ္စကိုကို ဘာကြောင့် မောင် အမြန်ဆုံး ရောက်ချင်တယ်ဆိုတာ ကျုပ် ကောင်းကောင်း ကြီး သဘောပေါက်ပါပြီ၊ သူတို့ လေးတွေကို ကောင်းကောင်း စောင့်ရှောက်မယ့်လူ ရှိရဲ့

မဟုတ်လား’

‘ဟုတ်ကဲ့ ရှိပါတယ်၊ ကျွန်တော့် မိဘနှစ်ပါးကိုယ်တိုင် စောင့်ရှောက်နေကြပါတယ်၊ ကျွန်တော်တို့ အားလုံး အခု လပ်စပါးဆိုတဲ့ မြို့ က လေး မှာ အတူနေကြပါတယ်။ အဲဒီမြို့ကလေးက ဂိုးလ်ဒင်းဂိတ်တံတားကြီးနဲ့ မလှမ်းမကမ်း ဆန်ဖရန်စစ္စကို နယ်မြေထဲမှာ ပဲ ရှိပါတယ်။ သူတို့ လည်း အယ်လီ ဆုံးပြီးကတည်းက ဒီနေရာကို ပြောင်းလာကြတာပါပဲ’

အဘိုးကြီးက သူ့ဆေးတံထဲမှ ပြာများကို ပြာခွက်ထဲ ခေါက်၍ ချလိုက်သည် ။ ပြီးနောက် တစ်စုံတစ်ရာ ချိန်ဆနေဟန်ဖြင့် ခေတ္တမျှ ငြိမ်နေသည် ။ ပြီးမှ

‘မစ္စတာ မောရစ်ဆင်၊ ဖြစ်နိုင်မယ်ဆိုရင် မောင့်ကို ကျုပ် ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်ပြီး အကူအညီ တောင်းချင်ပါတယ်’

‘ရပါတယ် ခင်ဗျာ၊ ကျွန်တော် တတ်နိုင်တဲ့ ကိစ္စဆိုရင် ဆောင်ရွက်ပေးပါ့မယ်’

‘ကျု ပ် ဆီ မှာ တရားဝင် စာရွက်စာတမ်းတစ်ခု ရှိတယ်။ အဲဒီ စာရွက်စာတမ်းဟာ ကျုပ်ရဲ့ အမှုသည် တစ်ယောက်အတွက် အင်မတန် အရေးကြီးတဲ့ စာရွက်ပါပဲ။ ဒါကို သက်ဆိုင်တဲ့ ပုဂ္ဂိုလ်ဆီ ပို့ပေးဖို့ အတွက် အခုလို မရေမရာနဲ့ အဘက်ဘက်က ယိုယွင်းပျက်စီးနေတဲ့ အချိန်ကာလမျိုးမှာ အစိုးရစာပို့ဌာနတွေကနေပြီး ပို့ဖို့ အတော်ကလေး စဉ်းစားရကျပ်နေတယ်။ အဲဒါကြောင့် အဲဒီစာတွေ ကို ဖြစ်နိုင်ရင် မောင်နဲ့ ပဲ လန်ဒန်ကို လူကြုံပါးလိုက်ချင်တယ် ဘယ့်နှယ်လဲ’

‘ရပါတယ်၊ ရပါတယ်၊ ကျွန်တော် ဆက်ဆက်ပို့ပေးပါမယ် စိတ်ချပါ’

အဘိုးကြီး စတားဂူးသည် သူ၏ အပေါ်အင်္ကျီ အတွင်းအိတ်ထဲမှ အဖြူရောင် စာအိတ်ကလေး တစ်အိတ်ကို ဆွဲထုတ်လိုက်သည်။

သည် စာအိတ်ကလေးကို ကြည့်ပြီး အရေးကြီးသော စာရွက်စာတမ်းနှင့် လုံးဝမတူဟူ၍ မောရစ်ဆင် စိတ်ထဲက အမှတ်မထင် ကောက်ချက်ချလိုက်မိသည်။

အဘိုးကြီးသည် စာအိတ်ကလေးကို သူ့လက်ထဲတွင် စက္ကန့်အနည်းငယ်ကြာသည် အထိ ကိုင်ထားပြီးမှ မောရစ်ဆင်၏ လက်ထဲသို့ လှမ်းပေးလိုက်သည် ။ စာအိတ်ပေါ်တွင် တပ်ထားသော လိပ်စာအရ'လန်ဒန်မြို့မှ ဆာသောမတ် ဝှစ်တလေ'ဆိုသူထံ ပေးရမည်ဖြစ်သည်။

'ခါတိုင်းလို ဆိုရင်တော့ မောင့်ကို ဒုက္ခပေးဖို့ မရည်ရွယ်ပါဘူး၊ ဒါပေမဲ့ အခုလို ခေတ်ပျက် ကြီးထဲမှာ ဆိုတော့ ကျုပ်အမှုသည် အတွက် အင်မတန် အရေးကြီးနေတဲ့ စာမို့'

အဘိုးကြီးက အားနာသည့် လေသံဖြင့် တောင်းပန်နေပြန်သည်။

'ဒါထက် ဒီစာထဲမှာ နိုင်ငံရေးနဲ့ ပတ်သက်တဲ့ ကိစ္စမျိုးတော့ လုံးဝပါမယ် မထင်ပါဘူးနော်'

'ဟာ...မောင်တို့ စာရေးဆရာတွေက နေရာတကာမှာ သံသယစိတ်နဲ့ ကြည့်တတ်ကြတာ ချည်းပါပဲလား၊ မပါပါဘူး မောင်ရဲ့ ၊ ဒါမျိုးတွေ လုံးဝ မပါပါဘူး။ ဒါပေမဲ့ တစ်ခုရှိတာက ဒီစာရွက် စာတမ်းဟာ ရိုးရိုး သာမန်စာရွက်စာတမ်းနဲ့ တော့ မတူတာ အမှန်ပဲ၊ ကျုပ်ပြောတဲ့ အဓိပ္ပာယ်ကို မောင် နားလည်သဘောပေါက်လိမ့်မယ် ထင်ပါတယ်၊ တခြားလူတွေထက် ကျုပ် အမှုသည် အတွက် ဒီစာရွက်စာတမ်းဟာ အင်မတန် အရေးကြီးပြီး အင်မတန်လည်း

အဖိုးတန်ပါတယ်။ ဒါကြောင့်မို့ ဒီစာအိတ်ကို မောင့်အနေနဲ့ အထူးဂရုစိုက်ပြီး ဆောင်ကြဉ်းသွားဖို့ ကျုပ် မေတ္တာရပ်ခံချင်ပါတယ်'

မောရစ်ဆင်သည် အဘိုးကြီးအား နောက်ထပ် မေးခွန်းတစ်ခွန်းစ နှစ်ခွန်းစ မေးဦးမည်ဟု စိတ်ကူး လိုက်လေသည် ။ သို့သော် သူ့စိတ်ကူးကို ဖျက်လိုက်ပြီး ဘာတစ်ခုမှ မမေးရန် ဆုံးဖြတ်လိုက် သည် ။

သို့ဖြင့် သူသည် အဘိုးကြီးပေးသော စာအိတ်ကလေးကို အတွင်းအိတ်ထဲသို့ ထည့်လိုက် သည် ။

'ဒါကို ကျွန်တော် အသက်နဲ့ လဲပြီး ကာကွယ် စောင့်ရှောက်သွားပါမယ်'

'စောင့်ရှောက်သွားပါ မောင်ရယ်၊ စောင့်ရှောက်သွားပါ'

အဘိုးကြီး၏ စကားအဆုံးတွင် သူတို့ နှစ်ယောက်စလုံး တိုင်ပင်ထားသလို ဝါးခနဲ ရယ်လိုက် ကြသည် ။

သည် အချိန်မှာ ပင် အိမ်စေ တာဆော့သည် အခန်းထဲသို့ ဝင် လာပြီး သူ့ဆရာဘေးနားမှ တယ်လီဖုန်းကို ပလပ်ထိုးပေးလိုက်သည် ။ အပြင်မှ တယ်လီဖုန်း ခေါ်သောကြောင့် ဖြစ်သည် ။

ရှေ့နေကြီးသည် တယ်လီဖုန်းထဲတွင် စကားတစ်ခွန်း နှစ်ခွန်းမျှ ပြောပြီးနောက် စကားပြော ခွက်ကို ပြန်ချရင်း သက်ပြင်း တစ်ချက်ချလိုက်သည် ။

'ကျုပ် အများကြီး ဝမ်းနည်းပါတယ် မစ္စတာ မောရစ်ဆင်၊ ဘဏ်တိုက်မှာ လူတွေ ကြိတ်ကြိတ်တိုးနေကြတယ်တဲ့ ၊ ဒါကြောင့် မောင့်အတွက် ငွေထုတ်နိုင်ဖို့ တော်တော်ကြာအောင် စောင့်ရဦးမယ်လို့

ပြောပါတယ်’

‘သူတို့ ဘက်က မရိုးမသားလုပ်တဲ့ သဘောတော့ ပါမယ် မထင်ပါဘူးနော်၊ ဒါပေမဲ့ တစ်ခုခက် တာက ကျွန်တော်ကလည်း မနက်ဖြန် မနက်ထွက်မယ့် လေယာဉ်နဲ့ လိုက်ဖို့ အားလုံး စီစဉ်ပြီးသား ဖြစ်နေပြီ’

‘ဒါအတွက်ကတော့ လုံးဝ စိတ်ချပါ၊ အခုရက်ပိုင်းမှာ ဘဏ်တွေအားလုံး ၂၄ နာရီဖွင့်ပေး ထားပါတယ်၊ လူတိုင်းကလည်း သူတို့ ငွေတွေရှိသမျှ ဒီနိုင်ငံက ထုတ်ယူသွားဖို့ ကြိုးစားနေကြတယ် မဟုတ်လား။ အဲဒီတော့ ဒီလိုလုပ်လေ၊ မောင်ရင် ဒီကို နောက်တစ်ခေါက် ပြန်မလာနိုင်ဘူးလား၊ ညရှစ်နာရီလောက် ဆိုပါတော့ အဲဒီအချိန်လောက်ဆိုရင် ကိစ္စအားလုံး သေချာပေါက် ပြီးနေပါပြီ’

‘ကောင်းပြီလေ၊ ကျွန်တော် ဆက်ဆက် ပြန်လာပါ့မယ်’

‘အခုလို ရုတ်တရက် အဆင်မပြေဖြစ်ရတဲ့ အတွက် မောင့်ကို ကျုပ်တောင်းပန်ပါတယ်’

ရှေ့နေကြီး စတားဂူးသည် စာရေးဆရာ မောရစ်ဆင်အား ကိုယ်တိုင်တံခါးဝသို့ လိုက်ပို့ပြီး နှုတ်ဆက်သည်။

ထို့နောက် အိမ်ရှေ့တံခါးကို ပြန်ပိတ်ပြီးလျှင်ပြီးချင်း စတားဂူးသည် စောစောကလို ခပ်ဖြည်း ဖြည်း ခပ်မှန်မှန် အမူအရာမျိုး မဟုတ်တော့ဘဲ အိမ်ရှေ့ခန်းမကြီးကို လူငယ်တစ်ယောက်ပမာ ခပ် သုတ်သုတ် ခပ်မြန်မြန် ဖြတ်သန်းလာခဲ့ပြီး သူ့ရုံးခန်းထဲသို့ ခပ်သွက်သွက် ဝင်လာခဲ့သည်။

အခန်းထဲတွင် မူ စောစောက စတားဂူး ထိုင်နေသော ကုလားထိုင်ပေါ်၌ အခြားလူ တစ်ယောက်ထိုင်နေသည် ကို တွေ့ရသည် ။ ကိုယ်လုံး ခပ်တုတ်တုတ်၊ ဝဝဖိုင့်ဖိုင့်၊ ဧရာမနှုတ်ခမ်းမွေး ကြီးဖြင့် အင်္ဂလိပ်စစ်သုံး မိုးကာအင်္ကျီကြီးကို ခြုံလျက်သား ရှိသည် ။

စတားဂူးသည် အခန်းထဲရောက်မှ ကိုယ်ရှိန်သတ်ကာ ကုလားထိုင်ပေါ်မှ လူကြီးကို ခေါင်းညိတ် နှုတ်ဆက်လိုက်သည် ။

ပြီး စားပွဲရှေ့မှ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်၍ သူ့ဆေးတံထဲသို့ ဆေးများ ထည့်နေ သည် ။

'ခင်ဗျား သူ့ကို ဟိုစာပေးလိုက်ပြီလား'

ကုလားထိုင်ပေါ်မှ ဝဝလူက မေးလိုက်သည် ။

စတားဂူးသည် စားပွဲပေါ်သို့ စိုက်ကြည့်နေရာမှ

'ဟုတ်တယ် ဗိုလ်မှူး၊ ကျုပ် သူ့ကို ဟိုစာ ပေးလိုက်ပြီ'

'ဒါပဲ ကောင်းပါတယ်'

'ဒါပေမဲ့ ဒီလိုပေးလိုက်ရတာ ကျုပ်တော့ သိပ်သဘောမကျဘူး'

ရှေ့နေကြီး စတားဂူးက ပြောလိုက်သည် ။

ဗိုလ်မှူးသည် ထိုင်ရာမှ ထလိုက်သည် ။ သူသည် ဗြိတိသျှထောက်လှမ်းရေးတပ်ဖွဲ့မှ ဗိုလ်မှူး ဝီလ်ကင်ဆိုသူ ဖြစ်သည် ။ သူသည် ပြတင်းပေါက်ရှိရာသို့ လျှောက်သွားပြီး လက်နှစ်ဖက်ကို နောက်ပစ်ကာ ခေတ္တရပ်နေသည် ။

'ဆိုယူဘာနဲ့ ကျုပ်တို့ နှစ်ယောက်စလုံးကို ဒီဂရိနိုင်ငံ ရောက်ကတည်းက နောက်ယောင်ခံပြီး လိုက်နေကြတယ်ဗျ။ ဒါနဲ့

ပတ်သက်လို့ ကျုပ် လောင်းကြေးစားကြေး ပြောရဲတယ်။ တကယ်လို့ ကျုပ် ထင်တဲ့ အတိုင်း မှန်နေရင်တော့ ဟေလ်ဆာဆိုတဲ့ ကောင်က ဒီအေသင်မြို့မှာ ရောက်နေပြီး တစ်နေနေ ရာမှာ ပုန်းနေရင်းနဲ့ သူတို့ လုပ်ငန်းတွေကို ညွှန်ကြားနေတာ သေချာတယ်။ ဒီမယ် မစ္စတာ စတားဂူး၊ ဒီကောင်သာ ဒီမြို့မှာ ရောက်နေတာ မှန်ရင်တော့ ကျုပ်တို့ အသက်ကို ဖက်နဲ့ ထုပ်ထားဖို့ သာ ပြင်ပေ တော့'

'ဒီလိုဆိုလည်း ဟိုစာရင်းကို ဘာဖြစ်လို့ စစ်တပ်က တစ်ဆင့် အပို့မခိုင်းသလဲ'

'ဒါကတော့ ဌာနချုပ်မှာ အခြေအနေက သိပ်ကို ရှုပ်ထွေးနေလို့ ပါ၊ ဒီအကြောင်း ခင်ဗျားကို ဖွင့်ပြောရတာတောင် စိတ်မကောင်းပါဘူး။ နောက်ပြီးတော့ ဂရိဘုရင်ကို ဒီနိုင်ငံက ခေါ်ထုတ်သွားဖို့ တောင် စစ်တပ်က တာဝန်ယူနိုင် မယူနိုင်ဆိုတာ ကျုပ် လောင်းကြေးစားကြေး မလုပ်ရဲဘူး'

'ဒီတိုင်းသာ ဆိုရင်တော့ ကျုပ်တို့ အနေနဲ့ အဘက်ဘက်က မျှော်လင့်ချက်ကုန်နေပြီပေါ့၊ ဟုတ်လား...ဗိုလ်မှူး'

'ဒီလိုပဲ ပြောရတော့မှာ ပေါ့၊ ဘာဖြစ်လို့ လဲဆိုတော့ ဒီဂျာမန်ကောင်တွေဟာ သူတို့ တပ်တွေ ရောက်မလာခင် ကြိုပြီး လူတွေကို မသမာတဲ့ နည်းနဲ့ စည်းရုံးထားတတ်တဲ့ အကျင့် ရှိတယ်'

စတားဂူးသည် ပါးစပ်မှ မသက်မသာဖြင့် တစ်စုံတစ်ရာ ညည်းတွားရင်း စားပွဲကို လက်သီး ဖြင့် ခပ်ဖွဖွကလေး ထုနေပါသည် ။

ဗိုလ်မှူးဝီလ်ကင်သည် အဘိုးကြီးအနီးသို့ ပြန်လျှောက်လာသည် ။

'ကဲပါလေ...ထပါ၊ ကျုပ်တို့ ကို နောက်ယောင်ခံနေတယ်ဆိုတာ

ဟုတ်ချင်မှ လည်း ဟုတ်မှာ ပါ၊ သိပ်သေချာတာ မဟုတ်သေးပါဘူး၊ ဒါတွေက လိုလိုမည်မည် ကြိုတင်ပြီး ကာကွယ်ဖို့ ပြင်ဆင် ထားတဲ့ သဘောပါပဲ၊ ဆိုယူဘာလည်း အခုအပြင်သွားပြီး ကျုပ်တို့ အတွက် ဒီနေ့ည လေယာဉ် တစ်စင်းရအောင် ကြိုးစားနေပါပြီ။ အားလုံးအဆင်ပြေသွားရင် ကျုပ်တို့ နက်ဖြန် လန်ဒန်ကို ချောချောမောမော ရောက်သွားကြမှာ ပါပဲ’

‘တကယ်လို့ အဆင်မပြေဖြစ်ခဲ့ရင်ကော’

‘ဒီလိုဆိုတော့လည်း ကျုပ်တို့ မိတ်ဆွေ မစ္စတာမောရစ်ဆင်က ကျုပ်တို့ အတွက် ဟိုစာရင်းကို ရောက်အောင် ပို့ပေးမှာ ပေ့ါ၊ ဒါအတွက် စိတ်မပူပါနဲ့ ဗျာ။ ဒါတွေက လိုလိုမည်မည် ကြိုတင်စီစဉ်တာ ပါ၊ နောက်ပြီးတော့ ကံကောင်းတာက မောရစ်ဆင်မှာ မသင်္ကာစရာ ဘာမှ မရှိဘူး မဟုတ်လား’

‘ဒီမယ် ဗိုလ်မှူး၊ ကျုပ်ကတော့ ဒီစာရင်းကို သူ့လက်ထဲ မဆီမဆိုင် လောင်းကြေးစားကြေး လုပ်သလို ထည့်ပေးလိုက်ရတာ ဘဝင်သိပ်မကျဘူးဗျာ။ တကယ်လို့ သာ ဂျာမန်တွေက သူ့ကို နည်းနည်းကလေး သံသယမရှိလိုက်နဲ့ ရှိလိုက်ရင်တော့ မလွယ်ဘူးသာ မှတ်၊ ပြီးတော့ သူတို့ လက်ထဲကို အဲဒီနာမည်စာရင်းရောက်သွားတာနဲ့ တစ်ပြိုင်နက် နောက်ဆက်တွဲ ဘာတွေ ဖြစ်လာမယ်ဆိုတာ ဗိုလ်မှူးလည်း သိသာပဲ’

‘ဒီမယ် မိတ်ဆွေကြီး စတားဂူး’ဗိုလ်မှူးဝီလ်ကင်က လေသံအေးအေးဖြင့် ပြောလိုက်သည် ။

‘လောင်းကြေးစားကြေးဆိုတဲ့ သဘောက ကျုပ်တို့ လုပ်ငန်းမှာ မရှောင်မလွှဲသာဘဲ အမြဲလုပ် နေရတဲ့ လုပ်ရိုးလုပ်စဉ်

အလုပ်တစ်ခုပါဗျာ’

* * *

# မြွေမြွေချင်း ခြေမြင်သူ

"မိအေး နှစ်ခါနာ" ဆိုသလို ကိုယ့်ဘက်က နှစ်ကြိမ်တိုင်တိုင် ခံလိုက်ရ၍ နှစ်ခါတိတိ ဒဏ်ရာ ရခဲ့သည် ။ သည် ဒဏ်ရာဒဏ်ချက်တွေကလည်း ယနေ့အထိ မပျောက်သေး။

ကွန်းရက်ဟောလ်ဆာသည် ကျိုးပဲ့ယိုင်နဲ့ နေသာ ပက်လက်ကုလားထိုင်ကြီးပေါ်တွင် နောက် လှန်၍ ထိုင်ရင်း မျက်လုံးကို စုံမှိတ်ကာ တဂျီဂျီမြည်၍ ထွက်ပေါ်နေသော ဓာတ်စက်မှ သီချင်းသံကို ဖိမ်ခံ၍ နားထောင်နေသည် ။ သီချင်းတေးသွားအတိုင်း သူ့ပါးစပ်မှ ခပ်သွက်သွက်ကလေး လိုက်၍ ခပ်တိုးတိုးဆိုနေလိုက်သေးသည် ။

သူ့ လက်ချောင်းများကလည်း ခဲတံဖြင့် ဆွဲထားသလို ခပ်ရေးရေးမျှသာရှိသော သူ့နှုတ်ခမ်း မွေး တိုနံ့နံ့ကလေးကို ခပ်ရွရွ ခပ်ဖွဖွကလေး သပ်၍ သပ်၍ စမ်းနေသည် ။

ဒါကတော့ သူလုပ်နေကျ ဟန်အမူအရာအတိုင်းပင် ဖြစ်သည် ။

ဗြိတိသျှထောက်လှမ်းရေးအဖွဲ့မှ ဗိုလ်မှူး ဝီလ်ကင်နှင့် သူ့အဖွဲ့ဝင် စကော့လူမျိုး ဆိုယူဘာတို့ သည် သူ့ပေါ်တွင် နှစ်ကြိမ်တိုင်တိုင် တစ်ပတ်ရိုက် သွားခဲ့ကြသည် ။ နှစ်ခါတိတိ အရှုံး လုပ်သွားခဲ့ကြ သည် ။

လွန်ခဲ့သည့် ရှစ်လခန့်က နော်ဝေနိုင်ငံတွင် သူတို့ နှစ်ယောက်နှင့် ပထမအကြိမ် တစ်ပွဲတစ် လမ်း အကဲစမ်းခဲ့ကြရသည် ။ ထိုနိုင်ငံကို

ဂျာမန်တို့ သိမ်းပိုက်ခဲ့ကြပြီးနောက် အဆိုပါ ဗြိတိသျှ ထောက်လှမ်းရေးအဖွဲ့ဝင် နှစ်ယောက်၊ ထိုနိုင်ငံသို့ တိတ်တဆိတ် ရောက်လာကြပြီး မြေအောက် အဖျက်လုပ်ငန်းများကို အနှံ့အပြား လုပ်ကိုင်သွားခဲ့ကြသည် ။

ထိုစဉ်က ဂျာမန်ထောက်လှမ်းရေးအရာရှိ ဟောလ်ဆာသည် နော်ဝေနိုင်ငံတွင် သူတို့ နှစ် ယောက်အား ချောင်ပိတ်၍ ဖမ်းရန် အကြိမ်ပေါင်း ဒါဇင်ဝက်မျှ ကြံစည်ကြိုးစားခဲ့သည် ။

သို့သော် သူတို့ နှစ်ယောက်သည် ဟောလ်ဆာ၏ ထောင်ချောက်ထဲမှ အကြိမ်ပေါင်း ဒါဇင်ဝက် မျှ သီသီကလေး လွတ်ထွက်သွားခဲ့ကြသည် ။

နောက်ဆုံးတစ်ကြိမ်တွင် သူတို့ နှစ်ယောက်အား နော်ဝေနိုင်ငံမှ ထွက်ပေါက်မရှိအောင် အဘက်ဘက်မှ ပိတ်ဆို့ထားခဲ့ပါလျက် ဉာဏ်ရှိသော်လည်း ကံမရှိသော ဟောလ်ဆာ၏ မျက်စိအောက် မှ နောက်ဆုံး မိနစ်ပိုင်းကလေးအတွင်း သူတို့ နှစ်ယောက်စလုံး ရေငုပ်သင်္ဘောဖြင့် ထွက်ပြေးလွတ် မြောက်သွားခဲ့ကြသည် ။

ဒုတိယအကြိမ်မြောက် နောက်တစ်ကြိမ် နောက်တစ်ကြွေ့ တွေ့ခဲ့ကြရသည် မှာ လွန်ခဲ့သော နွေရာသီကပင် ဖြစ်သည် ။ နေရာကတော့ ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော်။

သည် တစ်ကြိမ်တွင် လည်း ဗြိတိသျှထောက်လှမ်းရေးသမားများက ဂျာမန်ထောက်လှမ်းရေး သမားအား “ခေါင်းတစ်လုံး နှာတစ်ဖျား”သာမကဘဲ “အလျားလိုက်” ဖြတ်သွားခဲ့ကြပြန်သည် ။

ပဲရစ်မြို့တော်အတွင်း ဝီလ်ကင်နှင့် ဆိုယူဘာတို့ နှစ်ယောက်နောက်သို့ ဟောလ်ဆာကိုယ်တိုင် တကောက်ကောက် လိုက်နေဆဲ သူ့မျက်စိ ရှေ့မှောက်မှာ ပင် နှစ်ယောက်စလုံး

ပျောက်ခြင်းမလှ ပျောက်သွားခဲ့ကြသည် ။

ယခုတစ်ဖန် ဂရိနိုင်ငံတွင် တတိယအကြိမ် ကြုံကြ ဆုံကြရပြန်သည် ။ သည် တစ်ချိန် သည် တစ်ခါတော့ “မိအေး သုံးခါနာ” အဖြစ်မခံနိုင်။ အပိုင်ကိုင်၍ အနိုင်ကြဲမှ ဖြစ်မည်။ သူတို့ နှစ်ယောက် စလုံး ထွက်ပေါက်မရှိအောင် ချောင်ပိတ်၍ အမိဖမ်းမှ ဖြစ်မည်။

သည် တစ်ခါ အမိဖမ်းနိုင်ဖို့ ရာ ကံကြမ္မာ အလှည့်ကြုံ လာပြီဟု ဆိုရမည်ဖြစ်သည် ။

အဘယ်ကြောင့် ဆိုသော် ဂရိအစိုးရ၏ အမှုထမ်းစာရေးတစ်ဦးဖြစ်သူ ဓာဗော့၏ သတင်းပေး ချက်အရ ဝီလ်ကင်တို့ နှင့် အဆက်အသွယ် ရှိနေသည် ဆိုသော ရှေ့နေကြီး စတားဂူးအား ခြေရာခံမိ သောကြောင့် ဖြစ်သည် ။

အပွဲပွဲတွင် နှပ်ပစ်ခံခဲ့ရသော ဟေလ်ဆာသည် စိတ်မကျေပွဲနွဲ့ရန် ပဲရစ်မှ အေသင်သို့ တိတ်တဆိတ် လှစ်ခနဲ ရောက်လာခဲ့သည် ။

ဂျာမန်တပ်မတော်များ ၏ ရှေ့ပြေးအဖြစ် လာခဲ့ရခြင်း ဖြစ်သည် ။ ရောက်လျှင် ရောက်ချင်း စာရေး ဓာဗော့မှ တစ်ဆင့် လူစုခဲ့သည် ။

သူလိုချင်သောသူများမှာ သစ္စာဖောက်များ ၊ အချောင်သမားများ နှင့် သူရဲဘောနည်းသူများ ၊ သတ္တိကြောင်သူများ သာ ဖြစ်သည် ။

သို့ဖြင့် ဟေလ်ဆာနှင့် သူ့လူများ သည် အေသင်မြို့တော်တွင် တော်တော်ကလေး တွင် တွင် ကျယ်ကျယ် လုပ်နိုင်ခဲ့ကြသည် ။ သူတို့ အလုပ်တွင် ကျယ်သလောက် ဗြိတိသျှတပ်များမှာ ဦးနှောက် ခြောက်ခဲ့ကြရသည် ။

ဘယ်သူ့ကို ယုံရမှန်းမသိ၊ ဘယ်သူ့ကို မယုံရမှန်းလည်း မသိ၊ သည်

လို မရှင်းမရှင်းဖြစ်နေ သော အခြေအနေကို ပို၍ ရှုပ်ရှုပ်ထွေးထွေးဖြစ်အောင် ဟေလ်ဆာနှင့် သူ့လူများက လုပ်ဆောင်ခဲ့ကြ သည် ။

ဗြိတိသျှတပ်များ မဆုတ်ခွာမီက ရှုပ်ထွေးနေသော ယနေ့အခြေအနေသည် မကြာမီ ထိန်းမနိုင် သိမ်းမရ ဝရုန်းသုန်းကား ဖြစ်တော့မည်ဟု သေချာသည် ။

ဓာတ်စက်မှ သီချင်းဆုံး၍ ဓာတ်ပြားကုန်သွားပြီဖြစ်သဖြင့် ဟေလ်ဆာသည် ပက်လက် ကုလားထိုင်ပေါ်မှ ထထိုင်ပြီး ဓာတ်စက်ခေါင်းကို အသာမ၍ တင်လိုက်သည် ။

ပြီးနောက် အိတ်ထဲမှ စီးကရက်ဘူးကို ထုတ်၍ စီးကရက်တစ်လိပ်ကို မီးညှိလိုက်သည် ။ စီးကရက်ဘူးထဲတွင် လက်ကျန် သည် တစ်လိပ်သာ ရှိတော့သည် ။

ဟေလ်ဆာသည် မလှမ်းမကမ်းမှ မှန်တင်ခုံရှိရာသို့ ဟန်ပါပါဖြင့် လျှောက်သွားပြီး ခုံပေါ်မှ မှန်ထဲသို့ သူ့ကိုယ်သူ ကြည့်လိုက်သည် ။

မှန်ထဲမှ သူ့ရုပ်ပုံလွှာကို အတော်ကလေး ကျေနပ်မိသည် ။ ပို၍ သေသေသပ်သပ် ဖြစ်စေရန် ခုံပေါ်မှ ဝက်မှ င်ဘီးကို လှမ်းယူ၍ ထူထပ် နက်မှောင်နေသော သူ့ခေါင်းမှ ဆံပင်များကို တစ်ချက် နှစ်ချက် ဖြီးလိုက်သေးသည် ။

မှန်ထဲမှ သူ့ရုပ်ပုံကို ကျေနပ်မိသလို ယနေ့အထိ အေသင်မြို့တွင် သူလုပ်ခဲ့၊ ကိုင်ခဲ့ပြီးသမျှ သူ့ အလုပ်များကိုလည်း အားရမိသည် ။ သည် မြို့တွင် အပ်ကျသည် ကအစ သူသိပြီးဖြစ်သည် ဟု ယုံကြည် ထားသည် ။

အထူးသဖြင့် ဗြိတိသျှထောက်လှမ်းရေးအဖွဲ့၏ လှုပ်ရှားမှုနှင့် အကြံအစည်မှန်သမျှ ကကြီးမှ အအထိ တစ်ခုမကျန် သိထားပြီးပြီ ဟူ၍လည်း တထစ်ချ မှတ်ယူထားသည် ။

ဒါ့အပြင် ယခု သူ ပုန်းအောင်းနေသော သည် နေရာ၊ သည် ထပ်ခိုးကလေးကိုလည်း လုံခြုံ စိတ်ချရအောင် ပင့်ကူအိမ် ရက်ထားသည့်သဖွယ် အဘက်ဘက်မှ အကာအကွယ် အစောင့်အရှောက် များ အထပ်ထပ် ချထားပြီး ဖြစ်သည် ။

သည် နေရာမှ နေ၍ ရှေ့နေကြီး စတားဂူးထံတွင် ရှိနေသည့် သူ့မိတ်ဆွေဟောင်းကြီး ဝီလ်ကင် နှင့် ဆိုယူဘာတို့ ၏ အရေးကြီးသော စာရင်းစာရွက်သည် ခလုတ်တစ်ချက်နှိပ်လိုက်ရုံမျှဖြင့် သူ့လက် ထဲသို့ ဒိုင်းခနဲ ရောက်လာမည်မှာ သေချာသလောက် ဖြစ်နေသည် ။

သည် အတိုင်းသာဆိုပါက သူစီစဉ်ထားသမျှ အစစ အဆင်ချောနေသဖြင့် မမျှော်လင့်ဘဲ အားရစရာ ကျေနပ်စရာ ဖြစ်နေခဲ့သည် ။

ဟေလ်ဆာသည် စောစောက သီချင်းဆုံးသွားသော ဓာတ်ပြားကို တစ်ဖက်လှန်၍ ဖွင့်လိုက် ပြန်သည် ။

ပြီးနောက် လက်မှ နာရီကို ကြည့်လိုက်သည် ။ နောက် ထပ်ခိုးကလေးမှ ပြတင်းပေါက်ရှိရာသို့ လျှောက်သွားပြီး ကာထားသော အဝတ်စကို အသာအယာမ၍ အပြင်သို့ တစ်ချက် လှမ်းငုံ့ကြည့်လိုက် သည် ။

အောက်ဘက်တွင် ကျောက်တုံးကျောက်ခဲများ မညီမညာ ခင်းထားသော လမ်းကြားကလေး ကို အတိုင်းသား မြင်နေရသည် ။

ဖြုန်းခနဲ သည် လမ်းကြားကလေးအတိုင်း လူတစ်ယောက် လျှောက်လာသည် ကို တွေ့လိုက် ရသည် ။ ဝက်ကြီးတစ်ကောင်လို ဝဖီးနေသော ခန္ဓာကိုယ်ကြီးကို မြင်လိုက်ရရုံမျှဖြင့် ဇာဖော့မှန်း သူသိ လိုက်သည် ။

ဇာဖော့သည် ထုံးဖြူများ သုတ်ထားသော ကျောက်တုံး ကျောက်ခဲများ ပေါ်တွင် သူ့ခန္ဓာကိုယ် အတ္တဘောကြီးကို သတိကြီးစွာဖြင့် ထိန်း၍ လာနေရသည် ။

ခဏအကြာတွင် ဟေလ်ဆာရှိရာ ထပ်ခိုးဆီသို့ တစ်လှမ်းချင်း တစ်လှမ်းချင်း ဖြည်းညင်းစွာ အားယူ၍ တက်လာသောခြေသံကို ကြားရသည် ။ ပြီးနောက် တံခါးခေါက်သံ ထွက်ပေါ်လာသည် ။

ဇာဖော့သည် ထပ်ခိုးခန်းကလေးထဲသို့ ရောက်လျှင် ရောက်ချင်း ပက်လက်ကုလားထိုင် ပေါ်သို့ သူ့ခန္ဓာကိုယ်ကြီးကို ပစ်လှဲချလိုက်သည် ။ အမောဆို့နေသဖြင့် ရုတ်တရက် စကားမပြောနိုင် သေးဘဲ ဟောဟဲလိုက်အောင် အသက်ရှူရင်း မျက်နှာပေါ်မှ စို့ရွှဲနေသည့် ချွေးသီး ချွေးပေါက်များကို သုတ်နေသည် ။

ဟေလ်ဆာသည် အသက်ရှူမှားနေသော ဇာဖော့အား မတ်တတ်ရပ်ရင်း အပေါ်မှ စီး၍ ကြည့် လိုက်သည် ။

'ဘယ့်နှယ်လဲ' သူကစ၍ မေးလိုက်သည် ။

'သူတို့ သုံးယောက်စလုံး ပြေးမလွတ်ပါဘူး၊ အခုနောက်ဆုံး ဝီလ်ကင်ဟာ စတားဂူးအိမ်ဘက် ကို ကားနဲ့ ထွက်သွားတာ တွေ့ခဲ့ရပါတယ်'

'ဟိုစကော့ကောင် ဆိုယူဘာကော'

‘သူကတော့ ဒီနေ့ည သန်းခေါင်မှာ တက်တွိုင်လေဆိပ်က သူတို့နှစ်ယောက်စလုံး ထွက်သွား နိုင်ဖို့ အတွက် လေယာဉ်တစ်စင်း စီစဉ်နေပါတယ်’

ဟောလ်ဆာသည် သူ့မျက်လုံးအစုံကို ခေတ္တ မှိ တ်ထားလိုက်ပြီး အမှတ်မထင် နဖူးပေါ်သို့ လက်တင်ကာ တစ်စုံတစ်ခု စဉ်းစားနေသလို လုပ်လိုက်သည် ။

သတင်းပေးအဖြစ် သူခိုင်းနေသော ဂရိလူမျိုးတစ်ယောက်ရှေ့တွင် စိုးရိမ်စိတ်ကို တတ်နိုင် သမျှ ဟန်ဆောင်ဖုံးကွယ်ထားရမည် ဖြစ်သည် ။ တတ်နိုင်သမျှ ဣန္ဒြေဆည်နေရမည်ဖြစ်သည် ။

‘ဟိုနာမည် စာရင်းစာရွက်ကော’

‘စတားဂူးလက်ထဲမှာ ပဲ ရှိပါသေးတယ်၊ အခု စတားဂူးအိမ်ကို ဝီလ်ကင်သွားတာဟာ ဒီစာရင်းစာရွက်ယူဖို့ သွားတယ်ဆိုတာ သေချာပါတယ်။ စတားဂူးမှာ တခြားဘယ်သူနဲ့ မှ အဆက် အသွယ် မရှိသေးပါဘူး၊ ဒါလည်း ကျွန်တော်တို့ တာဆော့ဆီက ရတဲ့ သတင်းမို့ စိတ်ချရပါတယ်’

‘ကောင်းတယ်၊ ကောင်းတယ်’

သည် အတိုင်းဆိုလျှင် စီစဉ်ထားသမျှ အားလုံးအဆင်ပြေဖို့ သေချာနေပြီ။ အောင်မြင်မှုသည် လက်တစ်ကမ်းမျှသာ လိုတော့သည် ။

‘ဒါထက် စစ်ရေး အခြေအနေကကော ဘယ့်နှယ်လဲ’

‘နောက်ဆုံးရောက်လာတဲ့ သတင်းအရ ဆိုရင်တော့ ဗြိတိသျှတပ်တွေဟာ အေသင်မြို့မှာ ကြာကြာ တပ်စွဲမထားဘူးလို့ ဆိုပါတယ်’

'ဒီလိုဆို ချကြဖို့ ပဲ ရှိတာပေါ့'

ပေလ်ဆာသည် ကြမ်းပြင်သို့ တစ်ချက်စိုက်ကြည့်လိုက်ပြီး

'ဝီလ်ကင်နဲ့ ဆိုယူဘာကို အပြတ်ရှင်းပစ်ရမယ်၊ စတားဂူးကိုတော့ အရှင် လိုချင်တယ်'

သူသည် ဇာဖော့၏ မျက်နှာကို စိုက်ကြည့်လိုက်ပြီး ဆက်၍ ပြောပြန်သည်။

'ငါ ဒီကိစ္စအတွက် စောင့်ခဲ့ရတာ ရှစ်လရှိပြီ။ အဲဒီတော့ သူတို့ နှစ်ယောက်ကို လုံးဝအလစ် မပေးနဲ့ ကြားလား၊ သူတို့ က အင်မတန် လျင်တယ်နော်၊ မင့်အနေနဲ့ တစ်ချက်မှားသွားရင် ခေါင်းနဲ့ ကိုယ် အိုးစားကွဲပြီသာ မှတ်ပေတော့'

ဇာဖော့သည် ဓားကြိမ်း ကြိမ်းနေသော ပေလ်ဆာ၏ မျက်နှာကို မော့ကြည့်လိုက်သည်။

ပြီးနောက် မျက်နှာပေါ်မှ ချွေးများကို သုတ်ရင်းက ကုလားထိုင်ပေါ်မှ အားယူ၍ ထလိုက် သည်။ ယခုမှ သတိရသည်။

'ကျွန်တော့်အတွက် အနှောင့်အယှက်ဖြစ်ရတာ တစ်ခုရှိသေးတယ်၊ ဒီတစ်ပတ်အတွင်း စတားဂူးအိမ်ကို အမေရိကန်တစ်ယောက် သုံးကြိမ်တိတိ လာတာတွေ့ရပါတယ်'

ပေလ်ဆာ၏ မျက်နှာသည် ရဲခနဲဖြစ်သွားသည် ။ မကျေနပ်သည့် အမူအရာဖြင့် မျက်မှောင် တစ်ချက် ကြုတ်လိုက်မိသည်။

'အမေရိကန်တစ်ယောက် ဟုတ်လား၊ ဘယ်က အမေရိကန်လဲ'

'ဒါနဲ့ ပတ်သက်လို့ ကျွန်တော်တို့ အသေးစိတ် လိုအပ်သမျှ

စုံစမ်းပြီးပါပြီ၊ အဲဒီအမေရိကန်က စာရေးဆရာတစ်ယောက်ပါ၊ အပေါစား လုံးချင်းဝတ္ထုတွေ ရေးနေတဲ့ စာရေးဆရာပါ၊ နာမည်က မိုက်ကယ်မောရစ်ဆင်လို့ ခေါ်ပါတယ်။ သူ ဒီနိုင်ငံ ရောက်လာတာလည်း ရိုးရိုးသားသား တရားဝင် ဗီဇာနဲ့ ပါပဲ၊ အမွေကိစ္စနဲ့ လာတာလို့ သိရပါတယ်၊ ဒီမှာ ရှိတဲ့ ဘဏ်တိုက်တစ်ခုမှာ သူ့နာမည်နဲ့ အပ်ထားတဲ့ အဲဒီအမွေ ဒေါ်လာကိုးထောင်ကို လာထုတ်တာပါ၊ စတားဂူးက အဲဒီအမေရိကန်အတွက် ဘဏ်က ငွေထုတ်လို့ ရအောင် တရားဥပဒေအရ ဆောင်ရွက်ပေးရတဲ့ သဘောပါပဲ’

ဟေလ်ဆာ၏ ရင်ခုန်သံသည် ယခုမှ ပုံမှန်ပြန်ဖြစ်သွားသည် ။

‘ဒီ ကိ စ္စ မှာ ကွက်ကျော်ရိုက်တာတော့ ဟုတ်မယ် မထင်ပါဘူး၊ ဘယ့်နှယ်လဲ ဇာဗော့’

‘ဟုတ်…ဟုတ်မယ်လို့ မထင်ပါဘူး၊ သူ့ကို ကျွန်တော်တို့ မသင်္ကာစရာ အကြောင်းမရှိပါဘူး’

ဟေလ်ဆာသည် ပြတင်းပေါက်ရှိရာသို့ လျှောက်သွားပြီး အောက်သို့ငုံ့ကြည့်လိုက်သည် ။

မြူဆိုင်းစ ပြုလာသော အမှောင်ထုအောက်တွင် လမ်းကြားကလေးကို စောစောကလောက် ထင်ထင်ရှားရှား မဟုတ်တော့ဘဲ မှုန်ဝါးဝါးသာ မြင်ရသည် ။

‘ကဲ…ပြောပါဦး’

‘တခြားပြောစရာ မရှိတော့ပါဘူး၊ အဲဒီအမေရိကန်လည်း နက်ဖြန်မနက်လေယာဉ်နဲ့ လန်ဒန် ကို သွားတော့မယ်လို့ သိရပါတယ်၊ အခု သူ တည်းတာက ကီဖစ်ရှားဟိုတယ်မှာ ပါ’

‘အင်း…အင်း’

ဟေလ်ဆာသည် နောက်ဆုံးကြားလိုက်ရသော သတင်းများကို အင်းလိုက်၍ နားထောင်ရင်း လျှပ်စီးလက်သလို ခေါင်းထဲသို့ ဖျတ်ခနဲ ဝင်ရောက်လာသော အတွေးတစ်ခုကို ဆက်၍ တွေးနေမိ သည်။

‘အင်း…အင်း၊ ဒါဆိုရင် ဒီအမေရိကန် စာရေးဆရာဆိုတဲ့ အကောင်ကို ဝီလ်ကင်တို့ ၊ ဆိုယူဘာတို့ ကိုယ်စား စာရင်းစာရွက် ပေးလိုက်ရင်ကော မဖြစ်နိုင်ဘူးလား၊ ဝီလ်ကင်တို့ ဒီည တက်တွိုင်လေဆိပ်က လေယာဉ်တစ်စင်းနဲ့ ထွက်မယ်ဆိုတာ တို့ ကို တစ်ပတ်ရိုက်တာ မဖြစ်နိုင်ဘူး လား’

* * *

## ရေချိန်လွန်သွားသော စာရေးဆရာ

ရှေ့နေကြီး၏ အဆောက်အအုံထဲမှ ထွက်လာခဲ့၍ အပြင်သို့ရောက်သည် နှင့် တစ်ပြိုင်နက် နယူးဇီလန်စစ်သား ယူနီဖောင်းဝတ်စုံ ဝတ်ဆင်ထားသော လူတစ်ယောက်သည် မိမိနောက်သို့ မယောင်မလည်ဖြင့် မျက်ခြည်မပြတ် နောက်ယောင်ခံလိုက်လာသည် ကို မောရစ်ဆင်တစ်ယောက် လုံးဝမရိပ်မိဘဲ ရှိခဲ့သည် ။

အလားတူပင် ထိုအဆောက်အအုံကြီးထဲသို့ သူရှိနေစဉ်ကလည်း မလှမ်းမကမ်း မြင်သာသော နေရာများမှ လူသုံးယောက်သည် တစ်ယောက်တစ်နေရာစီခွဲ၍ မျက်စိခြောက်လုံးဖြင့် ဒေါက်ထောက် ကြည့်သလို စောင့်ကြည့်နေခဲ့သည် ကိုလည်း မောရစ်ဆင် လုံးဝမသိခဲ့။

သူသည် အိမ်ကြီးအိမ်ကောင်းများ ဖြင့် သားနားလှသော ကိုလိုနာကီရပ်ကွက်ကို ဖြတ်ကျော်၍ ကွန်ကော့ပန်းခြံဘက်ဆီသို့ လမ်းလျှောက်လာခဲ့သည် ။

မြူနှင်းများ မသိမသာ ကျဆင်းစ ပြု လာပြီဖြစ်သဖြင့် သူ၏ အပေါ်ကုတ်အင်္ကျီမှ ကော်လာ နှစ်ဖက်ကို နားရွက်များ အုပ်မိအောင် ဆွဲတင်ခဲ့ရသည် ။

ကွန်ကော့ပန်းခြံတစ်ဝိုက်မှာ ခါတိုင်းလိုပင် စည်စည်ကားကား ရှိနေသည် ။ ဟိုဟိုသည် သည် လမ်းသလားနေကြသူများကို ဥဒဟို

တွေ့သလို၊ ကော်ဖီဆိုင်များ တွင် ကော်ဖီသောက်ရင်း တစ်နေ့တာ အကြောင်း သောင်းပြောင်းထွေလာ ပြောဆိုနေကြသံများမှာ လည်း ဆူညံလျက်ရှိသည် ။

မောရစ်ဆင်သည် ပလက်ဖောင်းပေါ်တွင် ခပ်မှန်မှန် လျှောက်လာရရင်း အချိန်ဖြုန်းသည့် အနေဖြင့် တစ်ခုခု လုပ်ရန် စဉ်းစားလာခဲ့သည် ။

ရုတ်တရက် သူ့မျက်လုံးများ သည် လမ်းဘေးတစ်နေရာတွင် ခွေးခြေခုံကလေးတစ်ခုဖြင့် ထိုင် နေသော ဖိနပ်တိုက်သမားတစ်ယောက်ကို လှမ်းမြင်လိုက်သည် ။

တကယ်တော့ သူကစ၍ မြင်ခြင်း မဟုတ်။ အမေရိကန်လူမျိုးများကို တစ်မိုင်လောက် အကွာ အဝေးမှ ပင် မြင်နိုင်စွမ်းရှိသော ဖိနပ်တိုက်သမားကလေးက သူ့ကိုစ၍ မြင်ခြင်း ဖြစ်သည် ။

မောရစ်ဆင်သည် ဖိနပ်တိုက်သမားကလေးက ပျာပျာသလဲ ဆီးကြို၍ ထိုးပေးသော ခွေး ခြေကလေးပေါ်တွင် ထိုင်ချလိုက်သည် ။

သူသည် သူ့ရှူးဖိနပ်ကို ကျင်လည် ဖျတ်လတ်စွာ အရောင်တလက်လက်တက်လာအောင် အရောင်တင်ဆေးများ ဖြင့် ပွတ်တိုက်ပေးနေသော ဖိနပ်တိုက်သမားကလေးကို မကြည့်အားဘဲ ပတ်ဝန်းကျင်ကိုသာ စိတ်ဝင်စားနေမိသည် ။။

စောစောပိုင်း ရက်များက မသိမသာ တင်းမာနေသော အခြေအနေမှာ ယခုအခါ သိသိသာသာ ကြီး ထင်ရှားလာနေပြီဟု သူ့စိတ်ထဲတွင် ခံစားမိသည် ။

လမ်းသွားရင်း ပြောသွားကြသော စကားသံများ နှင့်

ကော်ဖီဆိုင်တွင် ထိုင်ရင်း ပြောနေကြ သော စကားသံများ သည် သူ့နားထဲသို့ အတားအဆီးမရှိ ဝင်လာနေကြသည် ။

သူတို့ ပြောသည့် ဘာသာစကားကို နားမလည်သော်လည်း သူတို့ မျက်နှာ အမူအရာများ နှင့် အင်္ဂလိပ်လို တစ်လုံးစ နှစ်လုံးစ ညှပ်၍ ညှပ်၍ ပြောနေကြသည် ကို ကြားရခြင်းဖြင့် ဗြိတိသျှတပ်များ အေသင်မြို့မှ ဆုတ်ခွာတော့မည့်သတင်းကို အပြန်အလှန် ပြောနေကြကြောင်း သိရသည် ။

သည် လို ပြောကြဆိုကြရင်းဖြင့် သူတို့ မျက်နှာများ ပေါ်တွင် ထိတ်လန့်စိုးရိမ်မှုနှင့် မယုံသင်္ကာ ဖြစ်မှု အရိပ်အယောင်များကို အထင်းသား တွေ့နေရသည် ။

မောရစ်ဆင်သည် ပတ်ဝန်းကျင်တစ်ခုလုံးကို စာရေးဆရာ မျက်စိ၊ စာရေးဆရာနားဖြင့် စိတ်ပါဝင်စားစွာ လေ့လာနေမိသည် ။

သို့သော် သူ့ရှူးဖိနပ် အရောင်တင်နေစဉ်အတွင်း နယူးဇီလန်စစ်သားဝတ်စုံဖြင့် အရပ်ထောင် ထောင်မောင်းမောင်း လူရွယ်တစ်ယောက်သည် သူနှင့် မလှမ်းမကမ်း ကော်ဖီဆိုင်တစ်ဆိုင်တွင် ထိုင် ရင်း တစ်ချက်တစ်ချက် သူ့ဘက်သို့ မျက်လုံးကစားနေသည် ကိုမူ သူ လုံးဝ သတိမထားမိဘဲ ဖြစ်ခဲ့ သည် ။

ဖိနပ်တိုက်သမားလေးသည် နောက်ဆုံး လက်စွမ်းပြသည့်အနေဖြင့် ဈေးမဝက်မှ င်ဘီးကြီးကို ထုတ်လိုက်ပြီး မောရစ်ဆင်၏ ရှူးဖိနပ်နှစ်ဖက်ကို အရောင်တလက်လက် ထွက်လာအောင် တိုက်ပေး လိုက်သည် ။

ပြီးတော့မှ သူသည် နောက်သို့ ခြေနှစ်လှမ်း သုံးလှမ်းခန့် ဆုတ်လိုက်ပြီး သူ့လက်ရာကို သူ ပြန်ကြည့်ရင်း အကျေနပ်ကြီး

ကျေနပ်နေသည် ။

အမေရိကန်တွေ စီးတဲ့ ရှူးဖိနပ်တွေဟာ ဒီလို အမြဲ ပြောင်လက်နေမှ ပေါ့။

မောရစ်ဆင်သည် ဖိနပ်တိုက်သမားကလေးအား "ဘောက်ဆူး"အတော်များများကလေး ပေးခဲ့ပြီး ထိုနေရာမှ ထွက်လာခဲ့သည် ။

သူသည် ရုတ်တရက် ဘယ်သွားရမှန်းမသိအောင် ဖြစ်နေမိသည် ။ နက်ဖြန်မနက်မိုးလင်းမှ ဒီမြို့က ထွက်ရမှာ ဆိုတော့ အခု ဒီညနေ ဒီအချိန်က နက်ဖြန်မနက် အရဏ်တက်အချိန်လောက်အထိ ဒီနာရီ ဒီအချိန်တွေကို ဘယ်လိုလုပ်ပြီး ကုန်အောင် ဖြုန်းရပ့ါမလဲ။

လောလောဆယ် ညရှစ်နာရီ ရှေ့နေကြီး စတားဂူးအိမ်သို့ မသွားမီ ယခု ညပိုင်းကလေးကိုပင် မည်သို့ကုန်ဆုံးအောင် အချိန်ဖြုန်းရမည်မသိ ဖြစ်နေသည် ။

အမျိုးသားပြတိုက်မှာ လည်း ပစ္စည်းများ ရွှေ့ပြောင်းပိတ်ထားသည် ။ မြို့ဆင်ခြေဖုံးတစ်ဝိုက်၌ လေညင်းခံရင်း လှည့်လည် ကြည့်ရှုရန်လည်း စိတ်မပါဘဲ ဖြစ်နေသည် ။

သည် နေရာမျိုးကတော့ အယ်လီမပါဘဲ လုံးဝမသွားလို။ ဗိုက်ထဲက ဆာသလိုလို ဖြစ်လာ သဖြင့် မနေ့က ရောက်ခဲ့သည့် စားသောက်ဆိုင်ကလေးကို သတိရမိပြန်သည် ။

သည် ဆိုင်ကလေးမှာ အေသင်မြို့မှ မိုင် ၂ဝ ခန့်ဝေး၍ သာယာလှပသော တောင်ကုန်းပေါ်တွင် ရှိသည် ။ ရှုခင်းကောင်း၍ အေသင်တစ်မြို့လုံးကို အပေါ်မှ စီးကြည့်နိုင်သည် ။

ဒါပေမဲ့ သည် ဆိုင်မှ သံလွင်ဆီနံ့တွေက မခံမရပ်နိုင်အောင် ဆိုးဆိုးရွားရွား နံလွန်းလှသဖြင့် သွားလို့ မဖြစ်။

သူသည် ကုတ်အင်္ကျီ ဟိုဘက်သည် ဘက်မှ အိတ်များ ထဲသို့ လက်နှစ်ဖက်ကို ထိုးထည့်ကာ ခြေဦးတည့်ရာ လျှောက်သွားနေမိသည် ။

လမ်းဆုံတစ်နေရာသို့ ရောက်လာသောအခါ ဗြိတိသျှတပ်ဖွဲ့တစ်ဖွဲ့ ဘယ်ညာလှမ်း၍ ချီတက် လာသည် နှင့် ဝင်တိုးနေမိသည် ။ ကိုကီနီယာတပ်စခန်းမှ စစ်သားများ ဖြစ်ဟန်တူသည် ။

မမျှော်လင့်ဘဲ လမ်းဘေးတစ်နေရာမှ ဆိုင်းဘုတ်တစ်ခုဆီသို့ သူ့ မျက်စိက ရောက်သွားသည် ။ ဆိုင်းဘုတ်မှ စာကို မဖတ်တတ်သော်လည်း အမှတ်တံဆိပ်ကို မြင်ရုံမျှဖြင့် နားလည်လိုက်သည် ။

နာမည်ကျော် ဂရိအရက် “ကရာစီ” ပုလင်းတံဆိပ်။

ဆိုင်ထဲတွင် လူတော်တော်ကလေး ရှင်းနေသည် ။ သူသည် ဘားကောင်တာ၏ အစွန်နားတွင် ဝင်ထိုင်လိုက်သည် ။

စိတ်က မအီမသာဖြင့် ခြေဦးတည့်ရာ အတော်ကြာအောင် လျှောက်သွားနေမိ၍ လား မသိ။ ပထမဆုံး သောက်လိုက်ရသည့် ကရာစီတစ်ခွက်မှာ အရသာရှိလှသည် ။ ထုံထိုင်းနေသော ဦးနှောက် ကို ဆေးပစ်လိုက်သလို ဖြစ်သွားသည် ။

ထိုအခိုက်မှာပင် နယူးဇီလန် ယူနီဖောင်းဝတ် အရပ်ရှည်ရှည် စစ်သားတစ်ယောက် ဆိုင်ထဲသို့ ဣန္ဒြေရရဝင် လာပြီး တံခါးနားမှ စားပွဲတွင် ထိုင်လိုက်သည် ။

ပုလင်းတစ်ဝက် ကုန်သွားသောအခါ မောရစ်ဆင်မှာ တစ်နေ့လုံး

ပင်ပန်းနွမ်းနယ်ထားသမျှ ယူပစ်လိုက်သလို ပျောက်သွားသည် ။ လူရော စိတ်ပါ လန်းဆန်းလာသည် ။ သွက်လက်လာသည် ။

ဒါပေမဲ့ ဆိုင်ထဲသို့ နောက်ထပ် တဖွဲဖွဲ ရောက်လာသော စစ်သားများ၏ ဆူဆူညံညံ စကားပြောသံများကြောင့် အနည်းငယ် စိတ်အနှောင့်အယှက် ဖြစ်မိသည် ။

စောစောက ရှင်းနေသော ဘားကောင်တာမှာ တဖြည်းဖြည်း လူများလာသည် နှင့်အမျှ သူတို့ အချင်းချင်းအော်ဟစ်သံများ ၊ ရယ်သံမောသံများကြောင့် နားမချမ်းသာစရာ ဖြစ်လာသည် ။

မောရစ်ဆင်သည် မတတ်နိုင်သည့်အဆုံး သူ့စားပွဲမှ အောင်မြင်စွာ ဆုတ်ခွာ၍ ထောင့်ကျကျ လူရှင်းသော စားပွဲတစ်လုံးဆီသို့ ပုလင်းရော ဖန်ခွက်ပါမ၍ ရွှေ့လာခဲ့သည် ။

သို့တိုင်အောင် စကားပြောသံများမှာ သူ့နားထဲသို့ မကြားချင်အဆုံး ဝင်လာနေဆဲ ဖြစ်သည် ။ ရက်စက်သော ဂျာမန် ဖိုးကြဲလေယာဉ်များ အကြောင်း၊ မိမိတို့ ဗြိတိသျှတပ်များ လက်နက်ရိက္ခာ မပြည့်စုံသည့်ပြဿနာ၊ တိုက်ခိုက်ရေးတပ်များ မလုံမလောက်ဖြစ်နေသည့် ကိစ္စ။

မောရစ်ဆင်သည် နားထဲတွင် ကြားနေရသော အသံများကို တတ်နိုင်သမျှ လျစ်လျူရှုရင်း အရက်ကိုသာ အာရုံပြု၍ သောက်နေခဲ့သည် ။ ပုလင်းထဲတွင် သုံးပုံတစ်ပုံခန့်သာ ရှိတော့သည့်အချိန် တွင် မူ သူသည် ပတ်ဝန်းကျင်မှ ဆူညံနေသောအသံများကို ခပ်ဝါးဝါးသာ ကြားရတော့သည် ။

စောစောပိုင်းက ပင်ပန်းနွမ်းနယ်မှုများ ပျောက်သွားခဲ့ပြီး ဆန်ဖရန်စစ္စကိုမှ သူ့သားသမီးများ အကြောင်း တွေးမိရာမှ ယခုတစ်ဖန်

သူ့စိတ်သည် ယနေ့ သူသွားခဲ့၊ လာခဲ့၊ လုပ်ခဲ့၊ ကိုင်ခဲ့ ရသည့် ကိစ္စဝိစ္စများဆီသို့ တစ်ပတ် ပြန်ကျော့လာပြန်သည် ။

သည် တွင် ဖြုန်းခနဲ သူသတိရလိုက်သည် ။ ရှေ့နေကြီး စတားဂူးက လူကြုံပါးလိုက်သည့် စာအိတ်။

'ဒီစာအိတ်ထဲမှာ ပါတဲ့ စာက ဘာတွေရေးထားလို့ အဘိုးကြီးက ဒါလောက် အရေးကြီးနေရ တာလဲ၊ ဒီစာထဲမှာ ပါတဲ့ အကြောင်းအရာတွေက အဘိုးကြီးနဲ့ ဘယ်လောက် ပတ်သက်နေလို့ လဲ'

မောရစ်ဆင်သည် စာအိတ်ကို ခေတ္တခဏ ဖွင့်ကြည့်ချင်စိတ်များ တဖွားဖွားပေါ်လာ၍ မနည်း အောင့်ထားရသည် ။ သည် စာအိတ်ထဲက စာမှာ ပါတဲ့ အကြောင်းအရာတွေကို တစ်မျိုးတစ်ဖုံ ဇာတ်ကွက်ဆင်ပြီး ရေးလိုက်ရရင် ဝတ္ထုလေးငါးခြောက်ပုဒ်တော့ ထွက်လာမှာ ပဲ။

သို့သော် သူ့စိတ်ကူးမှာ စိတ်ကူးထဲမှာ ပင် အဆုံးသတ်ရသည် ။ လက်လျှော့ခဲ့ရသည် ။

'တစ်ဆိတ်၊ ဒီနေရာမှ ခဏထိုင်ပါရစေ'

ဖြုန်းခနဲ ကြားလိုက်ရသော အသံကြောင့် မောရစ်ဆင်မှာ စိတ်ကူးပျက်သွားပြီး ရုတ်တရက် မော့ကြည့်လိုက်မိသည် ။ နယူးဇီလန်စစ်ယူနီဖောင်း ဝတ်ထားသည့် အရပ်ရှည်ရှည် စစ်သား တစ်ယောက်။

ကောင်တာဘက်ဆီ လှမ်းကြည့်လိုက်တော့လည်း လူတွေ တင်းကျမ်းပြည့်နေသည် ။ သူက နယူးဇီလန်ယူနီဖောင်းကို ခေါင်းညိတ်လိုက်သည် ။

'ဟို မှာ က တော်တော်ကလေး လူကျပ်နေတယ် ခင်ဗျ၊ ကျွန်တော့်နာမည် မော်စလေလို့ ခေါ်ပါ တယ်၊ ဂျက်မော်စလေပါ၊

နယူးဇီလန် အမှတ်(၁) သေနတ်ကိုင်တပ်ရင်းကပါ’

လက်မောင်းတွင် အရစ်များ တပ်ဆင်ထားသော နယူးဇီလန်တပ်ကြပ်ကြီးသည် သူပါလာ သော ပုလင်းကို ဖွင့်လိုက်သည် ။

‘အဲဒါထားပါဦးလား၊ ဒီပုလင်းထဲကဟာပဲ အရင်ရှင်းကြတာပေါ့’

ပြောပြောဆိုဆိုဖြင့် မောရစ်ဆင်သည် သူ့ပုလင်းထဲမှ လက်ကျန်များကို နယူးဇီလန် တပ်ကြပ် ကြီး မော်စလေ၏ ဖန်ခွက်ထဲသို့ လောင်းထည့်ပေးလိုက်သည် ။

မော်စလေက ဘာမျှပြန်မပြောဘဲ သူ့ဘောင်းဘီအိတ်ထဲမှ ဆေးတံကိုထုတ်၍ ဆေးထည့်ရန် ဟန်ပြင်လိုက်သည် ။ ဆေးတံသမားများ သည် သူတို့ အချင်းချင်း ရိုင်းပင်းလေ့ ရှိကြသည် ။

‘ဒီမယ်၊ ကျုပ်မှာ ဆေးတံသောက်ဆေး အကောင်းစားပါတယ်။ အဲဒါလေး မြည်းစမ်းကြည့် ပါဦး’

အာသွက် လျှာသွက်ရုံမျှမက လက်ပါ သွက်နေသော မောရစ်ဆင်သည် ပြောရင်းဆိုရင်း သူ့ဆေးတံဆေး ထည့်ထားသော အိတ်ကို စားပွဲပေါ်သို့ ပစ်ချပေးလိုက်သည် ။

မော်စလေဆိုသူကလည်း သူချပေးလိုက်သော ဆေးတံ ဆေးအိတ်ကို ဆွဲယူ၍ ဆေးတံအိုး ထဲသို့ ဆေးတစ်ဆုံအပြည့် ထည့်လိုက်သည် ။ ပြီး မီးညှိ၍ တစ်ဖွာနှစ်ဖွာ ဖွာကြည့်သည် ။ နောက် ဆေးတံဆေးကောင်းကြောင်း ခေါင်းညိတ်၍ အတည်ပြုလိုက်သည် ။

‘ဒါထက် နေပါဦး၊ ခင်ဗျား အမေရိကန်နဲ့ တူတယ်၊ ဟုတ်တယ် မဟုတ်လား’

‘ဟုတ်ပါတယ်၊ ကျုပ် အမေရိကန်ပါပဲ’

‘ကောင်းတယ်ဗျာ၊ ကျွန်တော်ကတော့ အမေရိကန်တွေကို သဘောကျတယ်။ ဒါထက် နေပါ ဦး၊ ခင်ဗျားက အခုလို ဗရုတ်ဗရက် အချိန်မျိုးမှာ ဒီဂရိနိုင်ငံကို ဘာကိစ္စနဲ့ လာရတာလဲ’

မော်စလေ၏ ပုလင်းဖွင့်ပြီးသည့်နောက် မောရစ်ဆင်တစ်ယောက် အတော်ကလေး “အာ ချောင်” လာပြီဖြစ်သည် ။ သည် တစ်ပုလင်းကုန်၍ နောက်တစ်ပုလင်း ရောက်လာသည့်အခါတွင် မူ သူ သည် သူ့အကြောင်းကို တစ်ခုမကျန် ဇာတ်စုံခင်းပြခဲ့ရုံမျှမက ထုံးစံအတိုင်း သူ့သားငယ် “ဂျင်” နှင့် သမီးငယ်“လင်း”တို့ ၏ ဓာတ်ပုံများကိုပါ ထုတ်ပြခဲ့ပြီး ဖြစ်သည် ။

မော်စလေကလည်း ရင်းနှီးမှုကို တုံ့ပြန်သောအားဖြင့် သူ့ကလေးသုံးယောက်၏ ဓာတ်ပုံများ ကို အပြန်အလှန် ထုတ်ပြခဲ့သည် ။

မောရစ်ဆင်သည် အတော်ကလေး ထွေနေသည့်ကြားက သူနှင့် သောက်ဖော်သောက်ဖက် မော်စလေသည် အတော်ပင် ဖော်ရွေပြီး သွက်လက် ချက်ချာသူတစ်ဦးဖြစ်သည် ဟု ကောက်ချက်ချ လိုက်မိသည် ။

ယခုအခါ တစ်ဆိုင်လုံး ဆေးလိပ်မီးခိုး၊ ဆေးတံမီးခိုးများ ဖြင့် မွန်နေပြီဖြစ်သည် ။ သံပြိုင် သီချင်း ဆိုသံများ လည်း ပို၍ ကျယ်လာသည် ။ ဆိုသူများ လည်း ပို၍ များ လာသည် ။

‘မောရစ်ဆင်၊ ခင်ဗျားအလုပ်က ဘာလဲ’

သည် မေးခွန်းကို မောရစ်ဆင် အကြောက်ဆုံးဖြစ်သည် ။

အဘယ်ကြောင့် ဆိုသော် တစ်စုံတစ်ယောက်သည် စာရေးဆရာတစ်ယောက်ကို တွေ့လိုက် သည် နှင့် တစ်ပြိုင်နက် အားရဝမ်းသာ ဖြစ်ကာ ဟမ်းမင်းဝေးတို့လို၊ ဖော့ကနားတို့လို တကယ့်စာရေး ဆရာကြီးများ နှင့် တွေ့လိုက်ရသည့်ပမာ ပျာပျာသလဲ ဖြစ်သွားတတ်ကြသောကြောင့် ဖြစ်သည် ။ ယခု လည်း လာပြန်ပြီတစ်ယောက်။

'ဟုတ်လား၊ စာရေးဆရာ မိုက်ကယ်မောရစ်ဆင်ဆိုတာ လက်စသတ်တော့ ခင်ဗျားကိုး၊ တွေ့ရတာ သိပ်ဝမ်းသာတာပဲဗျာ၊ ဒါထက် မှတ်မှတ်ရရပြောလိုက်ရဦးမယ်။ ခင်ဗျားရေးခဲ့တဲ့ "မုဆိုးဂေဟာ"ဆိုတဲ့ ဝတ္ထုကို ကျွန်တော် သိပ်သဘောကျတာပဲဗျာ၊ တကယ်ပါ တော်တော့ကို ကောင်းတဲ့ စာအုပ်ပါပဲ'

'တကယ်ပဲလား ဒီလိုဆို ကျေးဇူးပါပဲဗျာ၊ ကဲ...နောက်တစ်ခွက် ချလိုက်ကြဦးစို့'

'ရပါတယ်...ရပါတယ်၊ ချကြတာပေ့ါ၊ ဒါထက် နေပါဦး မောရစ်ဆင် ခင်ဗျားနဲ့ တွေ့တုန်း တစ်ခုမေးပါရစေဦး။ ခင်ဗျားဟာ ခင်ဗျားဝတ္ထုတွေထဲမှာ ရေးခဲ့သလို ဘဝရဲ့ ဒဏ်ရာဒဏ်ချက်တွေ တော်တော်များများ ခါးခါးသီးသီး နာကြည်းစရာတွေ တွေ့ခဲ့ ကြုံခဲ့ ခံစားခဲ့ရတယ်ဆိုတာ အမှန်ပဲ လား'

မောရစ်ဆင်အတွက် သည် မေးခွန်းမျိုးကတော့ ရိုးနေပြီ ဖြစ်သည် ။ တကယ်ကလည်း စာဖတ် ပရိသတ်သည် ဝေဖန်ရေးသမားများ ပင် ဖြစ်သည် ။

စာအုပ်တစ်အုပ်ပေါ်တွင် သူ့ထင်မြင်ချက် တစ်ခုခုသည် အလိုလို ရှိနေပြီးဖြစ်သည် ။ ဖွင့်ပြော တာ မပြောတာသာ ကွာခြားသည် ။

ဒါပေမဲ့ မော်စလေ တစ်ယောက်ကတော့ တကယ်ပင် အံ့ဩစရာကောင်းသည် ။ သူ့ထင်မြင် ချက်များ နှင့် ယူဆချက်များ သည် လေးနက်မှုရှိသလောက် ကျိုးကြောင်းဆီလျော်လှသည် ။

ကရာစီအရက်ကလည်း တကယ်ပင် သောက်လို့ ကောင်းသည် ။ အသံဗလံတွေကလည်း ဆူညံလှသည် ။ မောရစ်ဆင်သည် နောက်တစ်ပုလင်း ထပ်မှာ လိုက်ပြန်သည် ။

သူသည် တော်တော်ကလေး အရှိန်ရနေပြီဖြစ်သည် ။ အရှိန်ရလေ၊ စကားပြောလို့ ကောင်းလေ ဖြစ်သည် ။ ပြောလည်း ပြောနိုင်သည် ။

အကြောင်းအရာကလည်း စုံလှသည် ၊ စာပေအကြောင်းမှ ဆန်ဖရန်စစ္စကိုအကြောင်း၊ နောက် ပြီးတော့ ဂရိနိုင်ငံအကြောင်း၊ တစ်ဖန် ဂီတအကြောင်း…။

နောက်ပိုင်းတွင် မောရစ်ဆင်သည် သူတစ်ယောက်တည်း ဒိုင်ခံပြော၍ ဒိုင်ခံသောက်သလို ဖြစ်နေပြီး သူ့မိတ်ဆွေ မော်စလေမှာ အရက်ကို တကယ်တမ်း ဟုတ်ဟုတ်ငြားငြား မသောက်ဘဲ တမင်ချိုနေသည် ကို သူ လုံးဝမသိဘဲ ဖြစ်ခဲ့သည် ။

နောက်ဆုံးတွင် အရက်သမားအများ စု၏ ထုံးစံအတိုင်း တခြားပြောစရာအချက်အလက် ကုန်သွားသည် နှင့် တစ်ပြိုင်နက် မိန်းမအကြောင်း ခေါင်းစဉ်ပြောင်းသွားကြသည် ။

'ဒီမယ် မော်…မော်စလေ…ကျုပ် ခင်ဗျားကို တကယ်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်အနေ နဲ့ …အရေး…အရေးကြီးတဲ့ မေးခွန်းတစ်ခု မေးမယ်ဗျာ၊ အဲ…အဲဒီမေးခွန်းကတော့ တခြား…တခြား မဟုတ်ပါဘူး၊ ခင်ဗျားဟာ ခင်ဗျာ့အိမ်က "ကြက်မကြီး"အပေါ် ထာဝစဉ် သစ္စာစောင့်သိမယ်ဆိုတဲ့ လူစားမျိုးလား၊ ဘယ့်နှယ်လဲ၊ ကျုပ်မေးတာ

ဖြေလေဗျာ’

‘ထာဝစဉ်တော့ ဘယ်ဟုတ်မလဲဗျာ တစ်ခါတလေတော့လဲ’

မော်စလေက စကားကို တစ်ပိုင်းတစ်စ ရပ်ထားလိုက်သည် ။

‘အဲ…ကြိုက်ပြီ၊ ဒီလိုဆို ဒါဟာ တစ်ခါတလေပဲဗျ၊ အခု ကျုပ်တို့ ဘာလုပ်ကြမလဲဆိုတာ ခင်ဗျားကို ပြောပြမယ် နားထောင်၊ ကျုပ်ပြောမယ်’

‘အခု ဒီကပြီးရင် ကျုပ်တို့ ကားတစ်စီးနဲ့ ဟိုပန်းခြံကို သွားကြမယ်၊ အဲဒီမှာ ကောင်မနှစ် ကောင် ခေါ်မယ်ဗျာ၊ ဘယ့်နှယ်လဲ’

‘ရပါတယ်လေ…ရပါတယ်၊ အင်မတန် လျော်ကန်သင့်မြတ်တဲ့ အကြံပါပဲ’

‘ဒီကောင်မတွေက ခင်ဗျားလို ကောင်မျိုးကို သိပ်မတွဲချင်ကြပါဘူးဗျ၊ မဟုတ်ဘူး မဟုတ် သေးဘူး၊ တကယ်တော့ ခင်ဗျားဟာ လူတော်တစ်ယောက်ပါ၊ ကျွန်တော့်စာအုပ်ထဲမှာ ခင်ဗျားကို မှတ်တမ်းတင်လိုက်ပြီ’

မောရစ်ဆင်သည် စကားပြောရင်း ထိုင်ရာမှ ထလိုက်သည် ။ သို့သော် သူ့ကိုယ်သူ မဟန်နိုင် အောင်ဖြစ်နေပြီး ကုလားထိုင်ပေါ်သို့ ယိုင်ကျသွားသည် ။

နောက်တစ်ကြိမ်အထတွင် မော်စလေက ထိန်းပေးသဖြင့် တော်တော်ကလေး မတ်သွားသည် ။ နယူးဇီလန် တပ်ကြပ်ကြီးသည် သူ့ကိုတွဲ၍ ဆိုင်ထဲမှ စစ်သားများကို ရှောင်တိမ်းကာ အပြင်သို့ ခေါ် ထုတ်လာခဲ့ရသည် ။

အပြင်ဘက်တွင် လေနုအေးကလေးက သူတို့ နှစ်ယောက်ကို

ဆီးကြိုနှုတ်ဆက်လိုက်သည် ။ အအေးဓာတ်ကြောင့် မောရစ်ဆင်သည် ရုတ်တရက် အိပ်ရာမှ လန့်နိုးသလို ဖြစ်သွားသည် ။

'ဟော့…ဟော့…ဟော့လူ၊ ခဏနေဦး ခဏနေဦး၊ ကျုပ်နာရီကို ကြည့်ပေးစမ်းပါဦး၊ ဘယ်နှနာရီ ရှိပြီလဲ၊ ကြည့်ပေးစမ်းပါဦး'

'ရှစ်နာရီခွဲ'

'ဟိုက်…သွားပြီဗျို့၊ ကျုပ် ချိန်းထားတာ တစ်ခုရှိတယ်ဗျ၊ ဒီမယ် ကျုပ်ပြောမယ်၊ ဒီလို လုပ်ဗျာ၊ ခင်ဗျား ဟိုတယ်ကိုသွားနှင့်၊ ကီဖစ်… ကီဖစ်…ဖစ်ဖစ်၊ ဟာ…အရေးထဲမှ ဒီသောက် ဟိုတယ်နာမည်ကလည်း ဘာတဲ့ ၊ ကီဖစ်ရှ ရှား၊ အဲ…အဲ၊ ကီဖစ်ရှားဟိုတယ်၊ ဟုတ်ပြီ၊ အဲဒီဟိုတယ် ကို ခင်ဗျား သိတယ်မဟုတ်လား'

'ဟို ကုန်းမြင့်မြင့်လေးပေါ်က ဟိုတယ်ဗျာ၊ အဲဒီဟိုတယ်က ခင်ဗျားစောင့်နေ၊ ကျုပ် ခုချက်ချင်း ပြန်လာခဲ့မယ်၊ အရေးကြီးတဲ့ ကိစ္စနဲ့ ချိန်းထားတာတစ်ခုရှိနေလို့ ပါ။ မကြာပါဘူး။ ကျုပ် ပြန်လာတော့မှ ကျုပ်တို့ ဇာတ်လမ်းကို ပြန်ဆက်ကြတာပေ့ါ၊ ကျုပ်ပြောတာ သဘောပေါက်တယ် မဟုတ်လား'

မော်စလေသည် လမ်းဘေးတွင် အဆင်သင့်တွေ့ရသော တက္ကစီကားတစ်စီးပေါ်သို့ မော်ရစ် ဆင်အား တွဲတင်ပေးလိုက်သည် ။

ပလက်ဖောင်းတွင် ရပ်၍ လက်ပြ နှုတ်ဆက်နေဆဲ ကားက တစ်ဘီးချင်းလိမ့်၍ ထွက်သွား သည် ။

အရှိန်မပြေသေးသော မောရစ်ဆင်သည် ကားပြတင်းပေါက်မှ ခေါင်းပြူရင်း လှမ်းအော် သွားသည် ။

'ကီဖစ်၊ ကီဖစ်ရှားနော်၊ မှတ်မိတယ် မဟုတ်လား၊ အဲဒီက

ဆက်ဆက်စောင့်နေနော်၊ ဆက်ဆက်’

မောရစ်ဆင် စီးသွားသော တက္ကစီကားကလေး ထောင့်ချိုးတွင် ပျောက်ကွယ်သွားသည် နှင့် တစ်ပြိုင်နက် ဖိမ်ခံကားနက်ကြီးတစ်စီးသည် လမ်းမကြီးကို ဂငယ်ကွေ့ကွေ့ကာ မော်စလေ ရပ်နေ သော ပလက်ဖောင်းသို့ ထိုးဆိုက်လာသည်။

မော်စလေသည် ကားတံခါးကို ဆွဲဖွင့်၍ အထဲသို့ ဝင်လိုက်သည်။

‘ကျွန်တော်တို့ သူ့နောက် လိုက်ရမှာ လား’

ကားမောင်းသမားက မေးလိုက်သည်။

‘မလိုပါဘူး၊ မလိုက်နဲ့ တော့ ဇာဇော့နဲ့ သွားတွေ့ဖို့ ရှိသေးတယ်’

စက်မရပ်ဘဲ အရှိန်သတ်ရုံသာ သတ်ထားသော ကားနက်ကြီးသည် လမ်းမကြီးအတိုင်း ထွက် လာသည်။

‘ဒီအမေရိကန်ကို ဘယ်လိုလုပ်မလဲ’

မော်စလေသည် ကားနောက်ပိုင်းတွင် ကျောဆန့်၍ နောက်မှီချလိုက်ရင်း မသိမသာ ပြုံးလိုက် သည်။

‘အလကားကောင်ပါကွာ၊ သောက်ရူးပါ၊ ဒီကောင်သာ ဗြိတိသျှ ထောက်လှမ်းရေးအရာရှိ ဖြစ်မယ်ဆိုရင် ငါလည်း ဝန်ကြီးချုပ် ဝင်စတန် ချာချီဖြစ်နေပြီ’

* * *

# ပက်ထရာကီလမ်း အမှတ်[၁၇]

မောရစ်ဆင်သည် ပက်ထရာကီလမ်း အမှတ် ၁၇ မှ အဝါရောင် အုတ်တိုက်ကြီးရှေ့တွင် တွေတွေကြီး ရပ်နေမိသည် ။ တစ်လမ်းလုံး မှောင်အတိကျနေပြီး လူသွားလူလာ မရှိဘဲ ရှင်းနေသည် ။

သူသည် ခပ်ယိုင်ယိုင်ဖြင့် အုတ်လှေကားအတိုင်း တစ်ထစ်ချင်း တက်သွားပြီး တံခါးမကြီး တွင် တပ်ဆင်ထားသော ကြေးလက်ကိုင်ကြီးကို ခေါက်လိုက်သည် ။

'ဒိန်း...ဒိန်း...ဒိန်း'

အိမ်စေအဘိုးကြီး တာဆော့၏ ခြေသံကို နားစွင့်နေမိသည် ။ သို့ သော် အ ထဲ မှာ ဘာသံမျှ မကြားရ၊ နောက်တစ်ကြိမ် တံခါးခေါက်လိုက်ပြန်သည် ။

'ဒိန်း...ဒိန်း...ဒိန်း'

အတော်ကြာ စောင့်နေသော်လည်း ဘာသံမျှ မကြားရ။ ဘယ်သူမှ တံခါးကို လာမဖွင့်။

မောရစ်ဆင်သည် စိတ်မရှည်နိုင်တော့သဖြင့် တံခါးမကြီးကို တအားဆောင့်၍ တွန်းကြည့် လိုက်သည် ။ ကျွီခနဲမြည်သံနှင့်အတူ တံခါးရွက်တစ်ခု ပွင့်သွားသည် ။

သူသည် မှောင်မည်းနေသော ခန်းမကြီးထဲသို့ ရုတ်တရက်

မဝင်ရဲသဖြင့် သူ့လက်ထဲမှ မီးခြစ် ကို ထုတ်၍ ခြစ်လိုက်သည် ။ ရှဲခနဲမြည်သံနှင့်အတူ မီးခြစ်ဆံမှ မီးရောင်ကြောင့် သူ့ပတ်ဝန်းကျင်မှ အရာဝတ္ထုပစ္စည်းများကို သဲသဲကွဲကွဲ မြင်လိုက်ရသည် ။ ပထမဆုံး သူ သတိထား၍ ရှာကြည့်လိုက် သည် ကတော့ မီးခလုတ်။

လက်ချောင်းများ ပူခနဲဖြစ်သွားသဖြင့် မီးခြစ်ဆံကို လွှတ်ချလိုက်ရသည် ။ ပါးစပ်မှ အမှတ်တမဲ့ ရေရွတ်လိုက်မိသည် ။

'ဒီမီးဖြစ်ကလည်း သောက်ရေးထဲမှာ '

နောက်ထပ် မီးခြစ်တစ်ဆံ ထုတ်၍ ခြစ်လိုက်ပြန်သည် ။ ဟောဟိုမှာ မီးခလုတ်။

သူသည် မီးခလုတ်ရှိရာသို့ မီးခြစ်ဆံ ငြိမ်းမသွားမီ ခပ်သုတ်သုတ် ပြေး၍ နှိပ်လိုက်သည် ။ မီးလုံးများ ပွင့်၍ လင်းလာသည် ။ သို့သော် မီးလုံးတချို့သာ ပွင့်သဖြင့် ခန်းမကျယ်ကြီးထဲမှ ပစ္စည်း များ အားလုံးကို မှုန်တိ မှုန်မွှားသာ မြင်ရသည် ။

'စတားဂူး၊ ထပါဦး'

ခပ်အုပ်အုပ် အော်လိုက်သော မောရစ်ဆင်၏ အသံသည် ခန်းမကျယ်ကြီးထဲတွင် ပဲ့တင်ထပ်၍ ထွက်ပေါ်လာသည် ။

သူသည် ရှေ့သို့ အနည်းငယ် တိုးသွားပြန်သည် ။ အရက်အရှိန် မပြေသေးသော်လည်း အနည်း ငယ် ကြောက်စိတ်ဝင်လာမိသည် ။

'စတားဂူး၊ ဒီကိုလာပါဦး၊ ကျွန်တော် ရောက်နေပြီလေ၊ မောရစ်ဆင် မိုက်ကယ်မောရစ်ဆင် ရောက်လာပါပြီ'

ရှေ့သို့ တိုး၍ သွားရင်း စတားဂူး၏ ရုံးခန်းဝသို့ သူ ရောက်သွားသည် ။

'အဘိုးကြီး၊ သူ့ရုံးခန်းထဲမှာ ပဲ အိပ်ပျော်နေသလား မသိဘူး၊ ဟုတ်တယ်၊ ဒီအခန်းထဲမှာ အိပ် ပျော်နေပြီ ထင်တယ်'

ရုံးခန်းတံခါးကို တွန်းဖွင့်လိုက်ရာ အဆင်သင့် ပွင့်သွားသည် ။ သို့သော် တစ်ခန်းလုံး မှောင်မည်းနေသည် ။ ဘာကိုမှ မမြင်ရ။

မောရစ်ဆင်သည် ညနေက စားပွဲပေါ်တွင် မီးအိမ်တစ်လုံး တွေ့မြင်ခဲ့ရသည် ကို သတိရသဖြင့် စားပွဲရှိရာသို့ မှန်း၍ ခပ်ဖြည်းဖြည်း လျှောက်လာခဲ့သည် ။

သို့သော် စားပွဲဆီသို့ မရောက်မီ ကုလားထိုင်တစ်လုံးကို ဝင်တိုက်မိ၍ ကုလားထိုင်ရော လူပါ ဝုန်းခနဲ လဲကျသွားသည် ။ အားယူ၍ ကြိုးစားထကြည့်သည် ။ ရုတ်တရက် ထ၍ မရ၊ အရက်အရှိန်က ယခုမှ ပြန်ထလာပြန်သည် ။

သို့ဖြင့် ဒူးထောက်လျက်သား ရှေ့သို့ စမ်း၍ သွားလိုက်ရာ စားပွဲစွန်းနှင့် ခေါင်းဖြင့် ဒုတ်ခနဲ တိုက်မိပြန်သည် ။

ငယ်ထိပ်တွင် ပူခနဲဖြစ်သွားသည် ကို သတိမထားနိုင်ဘဲ စားပွဲစွန်းကို လက်ဖြင့်ကိုင်၍ အားယူ ထရင်း စားပွဲပေါ်မှ မီးအိမ်ကို စမ်း၍ ရှာလိုက်သည် ။ တွေ့ပါပြီ။

မီးအိမ်ကို မီးညှိလိုက်သောအခါ ဝါကြန့်ကြန့် မီးရောင်နှင့်အတူ မည်းနက်သော သူ့အရိပ်ကြီး သည် နံရံတွင် ဘွားခနဲ ပေါ်လာသည် ။

သူသည် စားပွဲပေါ်သို့ လက်နှစ်ဖက်ထောက်ကာ ယခုအထိ အမူးမပြေသေးသော သူ့ခေါင်းကို တစ်ချက် နှစ်ချက် ယမ်းလိုက်မိသည် ။

သည် တော့မှ သူ့ရှေ့က စားပွဲပေါ်တွင် စာရွက်များ ၊ ဖိုင်တွဲများ နှင့်

တကွ မင်အိုး၊ ကလောင်တံ ခဲတံ၊ ဖောက်စက် စသည့် ရုံးသုံးပစ္စည်းများ အားလုံးမြင်မကောင်းအောင် ဖရိုဖရဲ ပြန့်ကျဲနေသည် ကို သတိထားလိုက်မိသည်။

တစ်ယောက်ယောက်က သည် စားပွဲပေါ်တွင် တစ်စုံတစ်ရာ ရှာဖွေမွှေနှောက်သွားသည် မှာ သေချာသည်။

ရုတ်တရက် လှုပ်ရှားသံလိုလို အသံတစ်ခု ကြားလိုက်ရသည်။

သူသည် ဖျတ်ခနဲ မျက်လုံးကစားလိုက်သည် ။ ဖြုန်းခနဲ ကြမ်းပြင်ပေါ်တွင် ကွဲကြေနေသော စတားဂူး၏ လေးထောင့်မျက်မှန်ကလေးနှင့်အတူ ကြမ်းခင်းကော်ဇောပေါ်မှ အနီရောင် သွေးကွက် များကို ရဲခနဲ တွေ့လိုက်ရသည်။

'မောရစ်ဆင်'

အခန်းတစ်နေရာမှ အသံသဲ့သဲ့ ကြားလိုက်ရသည်။

သူသည် ခေါင်းနားပန်းများကြီးပြီး တစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွားမိသည်။

'ဘယ်သူလဲ'

အထိတ်တလန့် ဖြစ်နေသော မောရစ်ဆင်သည် အလိုအလျောက် အသံတိုးတိုးဖြင့် မေးလိုက် မိသည်။

'ကျုပ်ပါ၊ ဒီ...ဒီတံခါးနားကပါ'

'ခင်ဗျား ဘယ်သူလဲ၊ စတားဂူးကော ဘယ်မှာ လဲ'

'စတားဂူး မရှိတော့ဘူး၊ သူ သေပြီ'

မောရစ်ဆင်သည် ရုတ်တရက် နှလုံးသွေး ရပ်သွားသလို

ခံစားလိုက်ရသည် ။ သည် တစ်ခါ တော့ တကယ်ပင် အကြောက်ကြီး ကြောက်သွားမိသည် ။ ချက်ချင်းအမူးပြေသွားသည် ။

ဒါပေမဲ့ သူ့ဦးခေါင်းသည် အရက်မူးနေစဉ်ကထက် ပို၍ ကြီးလာသည် ဟု ထင်ရသည် ။ သူ့ခေါင်းကို တစ်ချက်ယမ်းလိုက်မိပြန်သည် ။ ပိတ်နေသော တံခါးဘေးနားတွင် သူ့ကိုစိုက်ကြည့်နေ သော လူတစ်ယောက်၏ မျက်လုံးများကို မှောင်ရိပ်ထဲတွင် တလက်လက် မြင်လိုက်ရသည် ။

'အို… မဟုတ်ဘူး မဟုတ်ဘူး ၊ ကျွန်တော်နဲ့ မဆိုင်ဘူး၊ ကျွန်တော်နဲ့ ဘာမှ မဆိုင်ဘူး၊ ကျွန်တော် ဒီနေရာက အခု ထွက်သွားတော့မှာ ပါ'မောရစ်ဆင်သည် ကယောင်ကတမ်းပြောရင်းက ကြောက်အားလန့်အားဖြင့် တံခါးမကြီးဆီသို့ သွားရန် ခြေလှမ်းပြင်လိုက်သည် ။

'မောရစ်ဆင်၊ ခင်ဗျား ငြိမ်ငြိမ်ကလေး နေပါ၊ ကျုပ်လက်ထဲမှာ သေနတ်ရှိတယ်'

မောရစ်ဆင်သည် တုံ့ခနဲ ဖြစ်သွားသည် ။ တံခါးဝမှ လူသည် မှောင်ရိပ်မှ ထွက် လာပြီး စားပွဲ အနီးမှ ကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်သည် ။ သူ့မျက်နှာကို ခုမှ ထင်ထင်ရှားရှား မြင်ရသည် ။

သူ့ပါးစပ်မှ စီးကျနေသော သွေးများမှာ မီးရောင်အောက်တွင် ညိုညစ်ညစ်ဖြစ်နေသည် ။ ဧရာမ သူ့နှုတ်ခမ်းမွေးကြီးမှာ လည်း သွေးများ စို့ရွှဲနေဟန် တူသည် ။

'ခင်ဗျား ကျွန်တော့်ကို ဘာလုပ်မလို့ လဲ၊ ကျွန်တော့်မှာ ဘာအပြစ်ရှိလို့ လဲ'မောရစ်ဆင်က တုန်တုန်ယင်ယင်ဖြင့် မေးလိုက်သည် ။

'ဟိုစာအိတ်လေ၊ ခင်ဗျားကို ပေးထားတဲ့ စာအိတ်၊ အဲဒီစာအိတ်ကို လိပ်စာအတိုင်း ပို့ဖြစ် အောင် ပို့ပေးပါ၊ ဒီနေ့ည ၁၂ နာရီ တက်တွိုင်လေဆိပ်ကထွက်မယ့် လေယာဉ်တစ်စင်းရှိတယ်၊ နေဦး၊ ခင်ဗျား ကျုပ်မှတ်ပုံတင် စာရွက်ယူသွားဦး'

သူ့စကား မဆုံးမီ မောရစ်ဆင်သည် သူ့အင်္ကျီအတွင်းအိတ်ကို လက်ဖြင့်စမ်းကြည့်မိသည် ။ စာအိတ်ကလေးမှာ သည် အတိုင်း ရှိသေးသည် ။

'မလိုချင်ဘူးဗျာ၊ ဒီစာအိတ်ကို ခင်ဗျားတို့ ပြန်ယူကြ၊ ခင်ဗျားတို့ ဟာတွေက ရှုပ်ရှုပ်ယှက် ယှက်နဲ့ ၊ ကျွန်တော်က အမေရိကန်တိုင်းရင်းသားဗျ၊ ကျွန်တော့်ကို ခင်ဗျားတို့ အရှုပ်အရှင်းထဲမှာ ဆွဲမသွင်း'

'ဒီမယ် မောရစ်ဆင်၊ ခင်ဗျားမှာ တခြားရွေးစရာလမ်း မရှိတော့ဘူး၊ ခင်ဗျားနောက်ကို သူတို့ လိုက်နေကြပြီ၊ ခင်ဗျားကို မတွေ့တွေ့အောင် ရှာနေကြပြီ။ ခင်ဗျား...ခင်ဗျား၊ အမေရိကန်သံရုံး ကိုလည်း အဆက်အသွယ် မလုပ်နဲ့ တော့၊ အဲဒီကိုလည်း သူတို့ ဝင်မွှေကြလိမ့်မယ်၊ နေ ရာ တ ကာ မှာ သူတို့ လူတွေချည်းပဲ၊ ဒါကြောင့်....ဒါကြောင့်၊ ခင်ဗျားမှာ တခြားရွေးစရာလမ်း မရှိ...မရှိတော့ဘူး'

တစ်လုံးချင်း အားယူ၍ ပြောနေရဟန်တူသော ထိုလူသည် ခပ်ဖြည်းဖြည်း ခပ်တိုးတိုး ကြိုးစားပြောနေရာမှ သူ့စကားအဆုံးတွင် သူ့အသံမှာ နက်ဝင်သွားသည် ။

သူ့လက်ထဲတွင် ကိုင်ထားသော ပစ္စတိုသေနတ်သည် ကြမ်းပေါ်သို့ ဒေါက်ခနဲ ကျသွားသည် ။

မောရစ်ဆင်သည် ထိုလူ၏ ကုတ်အင်္ကျီ ကော်လာနှစ်ဖက်ကို စုံကိုင်၍ လှုပ်ယမ်းရင်း

'သူတို့ ဆိုတာ ဘယ်သူလဲဟင်၊ ဘယ်သူတွေလဲ၊ သူတို့ ဆိုတာ'

ထိုလူသည် သူ့ဦးခေါင်းကို ကြိုးစား၍ ထူလိုက်သည် ။ သို့သော် မဟန်နိုင်ဘဲ ဇက်ကျိုးသလို ငိုက်ကျသွားသည် ။

သူ့ပါးစပ်မှ သွေးများ စောစောကထက်ပို၍ စီးကျလာသည် ။ လုံးဝစကားမပြောနိုင်တော့။

မောရစ်ဆင်သည် ကြမ်းပေါ်မှ ပစ္စတိုသေနတ်ကို ငုံ့၍ ကောက်ယူလိုက်သည် ။

ပြီးနောက် ပျော့ခွေနေသော ထိုလူ၏ လက်ထဲမှ မှတ်ပုံတင်ကတ်ကို ဆွဲယူလိုက်ပြီး အတွင်း အင်္ကျီအိတ်ထဲသို့ ထိုးထည့်လိုက်သည် ။

ထိုလူ၏ ပါးစပ်မှ ညည်းသံတစ်ချက် ထွက်လာပြန်သည် ။

မောရစ်ဆင်၏ ပါးပေါ်မှ ကျလာသော ချွေးစီးသည် အပေါ်နှုတ်ခမ်းမှ တစ်ဆင့် ပါးစပ်ထဲသို့ မသိမသာ ရောက်သွားသည် ။ လျှာပေါ်မှ ငန်ငြိငြိ အရသာကို စိတ်ထဲမှ ဖျောက်ပစ်ရင်း သူသည် တံခါးဆီသို့ နောက်ပြန်ဆုတ်လာခဲ့သည် ။

ထို့နောက် တံခါးကို ဖွင့်၍ အပြင်သို့ လှစ်ခနဲ ထွက်လာခဲ့သည် ။

* * *